


# နဂါးနီ

ကမ္ဘာ့
သူလျှိုဇာတ်သိမ်းများ

ရေးသူ
မြဒေါ်းညို

ဒုတိယအကြိမ်

mgyoe.com
mgyoe.com

နဂါးနီ

mgyoe.com

"တတိယမြန်မာနိုင်ငံတော်ကြီး ထူထောင်ဖန်ဆင်းခဲ့သော
အလောင်းဘုရားဦးအောင်ဇေယျသို့" လို့ ရည်ညွှန်းထားပါတယ်။
**D.W Pike & JU Secret Societies** စာအုပ်ကို
မှီတည်ပြီး တခြားရာဇဝင်အထွေထွေကျမ်း ဆယ့်လေးငါးစောင်နဲ့တိုက်ဆိုင်
စိစဉ်ရေးသားထားတယ်လို့ ဆိုပါတယ်။ စာအုပ်မှာ
(က) ရာဇဝတ်မှုကျူးလွန်အသင်းများ၊ (ခ) ခေတ်သစ်ထူထောင်ရေးအသင်းများ၊
(ဂ) ထွက်ရပ်ဂိုဏ်းများ၊ (ဃ) နောက်ဆက်တွဲဆိုပြီး ကဏ္ဍလေးပိုင်း ရေးသားထားတယ်။
ဒီစာအုပ်က လျှို့ဝှက်အသင်းတွေ ပေါ်ပေါက်လာပုံနဲ့ လုပ်ငန်းလုပ်ကိုင်ပုံတွေကို
မြန်မာလူငယ်တွေ သိရှိနားလည်စေဖို့ ရည်ရွယ်ပုံပါ။

ISBN 9789997110770
NGN16
9 789997 110770
1,800.00KS

mgyoe.com

mgyoe.com

ကမ္ဘာ့လျှို့ဝှက်အသင်းများ မြင်ဒေါင်းညို
ပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၄၅ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၄၀ နဂါးနီထုတ် ပထမအကြိမ်မူ။

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ကမ္ဘာ့လျို့ဝှက်အသင်းများ
## မြဒေါင်းညို

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

နှစ်ပေါင်း ၈၀ ဝန်းကျင်ရှိ နဂါးနီစာအုပ်များကို
ပြန်လည်စီစဉ်ရိုက်နှိပ်ကြသည့်အခါ စာရေးသူ ဘာသာပြန်သူတို့၏
ကျန်ရစ်သူ မိသားစုဝင် မူပိုင်ရှင်များအား ရှိနိုင်သ၍ ဆက်သွယ်ကာ
ခွင့်တောင်းခံခြင်း၊ ဥာဏ်ပူဇော်ခပေးအပ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း
အချို့မှာ ဆက်သွယ်ရ ခက်ခဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ အခြေအနေအရ
ဆက်သွယ်ခွင့်တောင်းခံခြင်း မပြုနိုင်ခဲ့သည့် ကျန်ရစ်သူ မိသားစုဝင်
စာမူမူပိုင်ခွင့်ဆက်ခံသူများမှ ခွင့်လွှတ်ပါရန်နှင့်
ဥာဏ်ပူဇော်ခပေးအပ်လိုပါသဖြင့် စာအုပ်တိုက်သို့
ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်
နှုတ်ခွန်းတွှာ မေတ္တာရပ်ခံအပ်ပါသည်။

mgyoe.com

mgyoe.com

## ကမ္ဘာ့လျှို့ဝှက်အသင်းများ

၁၉၄၀ ခု၊ ဧပြီလထုတ်။
အုပ်ရေ–၂၀၀၀၊ တန်ဖိုး–၁၀ ပဲ။

မြဒေါင်းညို ရေးသားပြုစုတဲ့စာအုပ် ဖြစ်ပါတယ်။ စာအုပ်ရည်ညွှန်းချက်က 'တတိယမြန်မာနိုင်ငံတော်ကြီး ထူထောင်ဖန်ဆင်းခဲ့သော အလောင်းဘုရား ဦးအောင်ဇေယျသို့ ...'လို့ ဆိုထားပါတယ်။

နိဒါန်းမှာတော့ လျှို့ဝှက်အသင်းများစာအုပ်ကို D.W Pike ရဲ့ Secret Societies စာအုပ်ကို မူတည်ပြီး တခြားရာဇဝင် အတ္ထုပ္ပတ္တိကျမ်းအစောင် ဆယ့်လေးငါးစောင်နဲ့တိုက်ပြီး စီစဉ်ရေးသားထားတယ်လို့ ဆိုပါတယ်။

စာအုပ်မှာ (က) ရာဇဝတ်မှု ကျူးလွန်သင်းများ၊ (ခ) ခေတ်သစ်ထူထောင်ရေးအသင်းများ၊ (ဂ) ထွက်ရပ်ဂိုဏ်းများ၊ (ဃ) နောက်ဆက်တွဲ ဆိုပြီး ကဏ္ဍလေးပိုင်း ခွဲခြားဖော်ပြ ရေးသားထားတယ်။

'ရာဇဝတ်မှုကျူးလွန်သင်းများ'မှာ (၁) စစ္စလီ မာဖီးယားသူရဲကောင်း၊ (၂) နေပဲလ် ကမိုးရား၊ (၂) စပိန် ကဒူး

mgyoe.com

mgyoe.com


နားတောပုန်း၊ (၄) ကုလားသတ်ဂ်သူသတ်၊ (၅) တောင်ပေါ်က လူအိုကြီး–ပါရှင်တောင်ပုန်း၊ (၆) အင်္ဂလိပ်သူတောင်းစား (၁၅၀၀–၁၆၅၀ ခုနှစ်)၊ (၇) ဘူဒူကပ္ပလီအရည်းကြီးတို့ ပါဝင်တယ်။ အဲဒီခေတ်က လျှို့ဝှက်အသင်းတွေဟာ တစ်စုံတစ်ခု မကျေနပ်ချက်တွေကို အစုအဖွဲ့ ဖွဲ့စည်းပြီး ဖြေရှင်းတတ်ကြတယ်။ ဥပဒေနဲ့ ညီ၊ မညီဆိုတာ ထည့်သွင်း မစဉ်းစားတတ်ကြပါဘူး။ ရည်ရွယ်ချက် အောင်မြင်ဖို့ပဲ ဖြစ်ပါတယ်။ အင်အားသာတဲ့အဖွဲ့က အနိုင်ရရှိတဲ့သဘောပါပဲ။

'ခေတ်သစ်ထူထောင်ရေးအသင်းများ' ကဏ္ဍမှာ (၁) ပြင်သစ်သူပုန်ကြီး၊ (၂) ဂျာမန်လူမျိုးရေး၊ (၃) အိုင်ယာလန်သွေးသောက်၊ (၄) ရုရှားနဟီးလစ်အယူသီးသမား၊ (၅) ကေ–ကေ–ကေ အမေရိကန်ခေါင်းမြီးခြုံ၊ (၆) ရူမေးနီးယားသံမဏိတပ်တို့ ပါဝင်ကြတယ်။ အဲဒီမှာတော့ လျှို့ဝှက်အသင်းတွေဟာ မျိုးချစ်စိတ်အပေါ်တည်ပြီး ဖွဲ့စည်းလာကြတာကို တွေ့ကြရတယ်။ မျက်ကန်းမျိုးချစ်သဘော အသွင်ဆောင်ပါတယ်။ ကေကေကေ အမေရိကန်ခေါင်းမြီးခြုံအဖွဲ့ဆိုရင် လူမည်းတွေကို သတ်ဖြတ်နေကြတာကို တွေ့ကြရတယ်။

'ထွက်ရပ်ဂိုဏ်းများ'မှာတော့ (၁) ဘောက်ခ်ဖားတရားလက်သီး၊ (၂) ဟွန်းဂ်–တရုတ်စည်းလုံးရေး၊ (၃)ဆားဗီးယားဘုရင် သုတ်သင်ရေး၊ (၄) လက်မည်းကြီး၊ (၅) နဂါးနက်၊ (၆) ရှပ်ပြာတပ်တို့ ပါဝင်တယ်။ အဲဒီထွက်ရပ်ဂိုဏ်းတွေမှာတော့ အဖွဲ့အစည်းတစ်ရပ်

mgyoe.com

mgyoe.com



အောင်မြင်ရေး၊ ပုဂ္ဂိုလ်တစ်ဦး တည်တံ့ရေးတို့အတွက် ကြိုးစားအားထုတ်လာကြတာကို တွေ့ကြရတယ်။

နောက်ဆက်တွဲမှာတော့ အာရပ်ထွက်ရပ်အကြောင်းကို တွေ့ကြရတယ်။ ကမ္ဘာ့လျှို့ဝှက်အသင်းများစာအုပ်က လျှို့ဝှက်အသင်းတွေ ပေါ်ပေါက်လာပုံနဲ့ လုပ်ငန်းလုပ်ကိုင်ပုံတွေကို မြန်မာ့လူငယ်တွေ သိရှိနားလည်စေလိုဟန်ကို ရည်ရွယ်တယ်လို့ ယူဆပါတယ်။ ။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

[ က ] နိဒါန်း ၁

[ ခ ] ရာဇဝတ်မှုကျူးလွန်သင်းများ
၁။ စစ္စလီ၊ မာဖီးယားသူရဲကောင်း ၉
၂။ နေပဲလ်၊ ကမိုးရား ၁၇
၃။ စပိန်၊ ကဒူးန်ားတောပုန်း ၂၇
၄။ ကုလား၊ သတ်ဂ် သူသတ် ၃၂
၅။ "တောင်ပေါ်ကလူအိုကြီး" ပါရှင်တောင်ပုန်း ၃၉
၆။ အင်္ဂလိပ် သူတောင်းစား [၁၅၀၀–၁၆၅၀] ၄၆
၇။ ဘူဒူ၊ ကပ္ပလီ အရည်းကြီး ၅၇

[ ဂ ] ခေတ်သစ်ထူထောင်ရေးအသင်းများ
၁။ ပြင်သစ်သူပုန်ကြီး ၆၇
၂။ ဂျာမန်လူမျိုးရေး ၇၅
၃။ အိုင်ယာလန်သွေးသောက် ၈၁
၄။ ရုရှား၊ နဟီးလစ်အယူသီးသမား ၈၇

mgyoe.com

mgyoe.com

၅။ ကေ,ကေ,ကေ အမေရိကန်ခေါင်းမြီးခြုံ ၉၅
၆။ ရှုမေးနီးယား သံမဏိတပ် ၁၀၂

[ ဃ ] ထွက်ရပ်ဂိုဏ်းများ

၁။ ဘောက်ခ်ဇား တရားလက်သီး ၁၀၇
၂။ ဟွန်းဂ် တရုတ်စည်းလုံးရေး ၁၁၄
၃။ ဆားဗီးယား ဘုရင်သုတ်သင်ရေး ၁၂၁
၄။ လက်မည်းကြီး ၁၂၄
၅။ နဂါးနက် ၁၂၈
၆။ ရှုပ်ပြာတပ် ၁၃၄

[ င ] နောက်ဆက်တွဲ

– အာရပ်ထွက်ရပ် ၁၃၉
– ကိုးကားသော ကျမ်းစာအုပ်စာတမ်းများ ၁၄၃

■

mgyoe.com

mgyoe.com

ရည်ညွှန်းချက်

တတိယမြန်မာနိုင်ငံတော်ကြီး
ထူထောင်ဖန်ဆင်းခဲ့သော
အလောင်းဘုရား ဦးအောင်ဇေယျသို့ . . .

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# နိဒါန်း

"ကြောင်လက်သည်းဝှက်" သည် ဗမာတို့၏ အစဉ်အလာစကားတစ်ရပ်ဖြစ်၏။ အရေးရှိမှ အရာပေါ်လျှင် အရေးတော်ပုံအောင်ရ၏။ "မပြီးခင် ဗမာ မမြင်စေနဲ့"ဟု စကားပုံခိုင်းချက်က လျှို့ဝှက်မှုအရသာ ဖော်ပေးပေ၏။

လျှို့ဝှက်မှုကြောင့် လူများစိတ်ဝင်စားတတ်လာကြ၏။ လူများသည် လျှို့ဝှက်မှုကို သိချင်၏။ လျှို့ဝှက်ချင်၏။ စိတ်ပညာရှင်များက ပဋိသန္ဓေစိတ်ဟု ခေါ်ချင်ခေါ်ကြပေမည်။ လူတိုင်း လျှို့ဝှက်သော အရာကိစ္စအတွင်း ဝင်"နှိုက်"လိုကြ၏။

လျှို့ဝှက်မှ အဖိုးတန်သောအရေးများ ကြုံကြိုက်ကြပေသည်။ မျက်နှာကလေး ထိးနှင့်ဖုံးကာ လျှို့လျှို့ဝှက်ဝှက် မခို့တရို့ လမ်းလျှောက်သူမိန်းမပျိုမျက်နှာကို ကာလသားများ စေ့စေ့စပ်စပ်တွေ့မြင်လိုကြ၏။ မျက်နှာဖော်ကာ မျက်နှာပြောင်လျှောက်သော မိန်းမပျိုအား လူဂရုမစိုက်ဘဲ လျစ်လျူထားလေ့ရှိ၏။ ဤကား လူမှုကိစ္စတစ်ရပ်နှင့် ဥပမာခိုင်းလိုက်သည်။

လျှို့ဝှက်မှုသည် လူသိရှင်ကြားမှု၏ "မျက်နှာချင်းဆိုင်" လုပ်ငန်းဖြစ်၍ လျှို့ဝှက်မှုပြုလုပ်ရခြင်းတစ်ချက်မှာ မပြီးခင် လူမသိစေချင်ခြင်းပင်တည်း။ သို့ကြောင့် လျှို့ဝှက်သောအသင်းများသည် ရည်ရွယ်ချက်

mgyoe.com

mgyoe.com


အထမမြောက်ခင် ပွင့်ပွင့်လင်းလင်း ပြောင်ပြောင်ကြီး မလုပ်ကြကြချေ။

လျှို့ဝှက်မှုကြောင့် ရဲရင့်မှု၊ စွန့်စားမှု၊ အနစ်နာခံမှုများ မွေးဖွားလာသည်တစ်ချက်။ လျှို့ဝှက်သောအသင်းသည် လူတို့စိတ်ကို ဆွဲငင်လိုက်၏။ အချိန်တိုတိုနှင့် ခရီးတွင်၏။ လျှို့ဝှက်မှု မရှိလျှင် အရေးဖျက်မှု၊ အပြိုင်အဆိုင်၊ တစ်ပိုင်းတန်းလန်းကြောင့် ကဲ့ရဲ့မှု၊ တာဝန်မဲ့မှု၊ ဝါးအစည်းပြေမှု၊ စည်းမဲ့မှု၊ စိတ်ပျံ့မှုများ မွေးဖွားလာ၏။ "လျှို့ဝှက်"သော အသင်းများသည် "ပေါ်လွင်"သော အသင်းများထက် အလုပ်သွက်လက်စွာပြုလုပ်နိုင်၏။

သူလျှိုအထောက်တော်အသင်းများကဲ့သို့ လျှို့ဝှက်သင်းများသည် တိုင်းပြည်ကို ကြိုးဆွဲလေ့ရှိ၏။ မင်းပြုလုပ်သူတိုင်း လျှို့ဝှက်မှုနှင့်မကင်း၊ လျှို့ဝှက်သင်း၏ ထောက်ခံချက်ရ၏။ တရုတ်ပြည် စစ်ဘုရင်ကတော် မဒမ်ချန်ကေရှိတ်သည် ဟွန်းဂ်တရုတ်စည်းလုံးရေး လျှို့ဝှက်သင်း၏ ထောက်ခံချက်ရ၏။ တရုတ် ပထမသမ္မတဆွန်ရက်ဆင်ပင်လျှင် ဤအသင်းဝင်ဖြစ်ခဲ့၏။ သမ္မတနိုင်ငံ ဖန်ဆင်းဖြစ်၏။

မြန်မာရာဇဝင် စာတင်ကြည့်လော့၊ လျှို့ဝှက်သောအသင်းအပင်းအဖွဲ့ကြောင့် မြန်မာ့ဦးစွန်း တလူလူလွင့်ခဲ့၏။ မင်းကြီးရန်နောင်၊ တပင်ရွှေထီး၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ အမရပူရ ပထမမြို့နန်းတည်မင်းတရား၊ ရွှေဘိုမင်း စသော မင်းများသည် သွေးသောက်တပ် ရဲရည်ဖက်၊ အတွင်းလူယုံကိုယ်ရံတော်များဖြင့် တိုင်းပြည်လုပ်ကြံ တက်ရောက်ခဲ့သည် မဟုတ်ပါလော၊ အရေးကြီးလျှင် သွေးနီးကြသည်မဟုတ်ပါလော။

ဤသည်ကိုရည်၍ "မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း"တွင် သွေးသောက် (လျှို့ဝှက်သင်း)များနှင့် စပ်လျဉ်းလျက် အောက်ပါစာများဖတ်

mgyoe.com

mgyoe.com


ရှုရ၏။

"သွေးတူ၊ သွေးနီးသူ– လူနည်းပါးသည့်အခါ သွေးတူသွေးနီးသော ပေါက်ဖော်သားချင်းမှ တစ်ပါး၊ အခြားလူစိမ်းပါသည့်အခါ တစ်ဦး၏ လက်မောင်းကသွေးကိုဖောက်၍ တစ်ဦးသောက်ခြင်းဖြင့် ပြုမူသော သွေးတူပြီဟူ၍ အယူရှိထိုက်သူ လူတစ်စုဖွဲ့စည်းပြီးလျှင် သွေးသောက်ပြီး လူထဲက အကြီးအကဲလုပ်နိုင်သူ လူကြီးကို (၁–မေတ္တာစိတ်နှင့် အသင်းအပင်း ငယ်သားများကို သိမ်းထားနိုင်ခြင်း။ ၂–အချမ်းအပူကို သည်းခံနိုင်ခြင်း။ ၃–ကိုယ်ကျိုးကိုယ့်စီးပွားကို ပဓာနမထား၊ ငယ်သားများစီးပွားထွန်းကားအောင် ဆောင်ရွက်နိုင်သော သတ္တိဗျတ္တိရှိခြင်းနှင့် ၄–နာယကဂုဏ် ၆ ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို) သွေးကြီး သို့မဟုတ် သွေးသောက်ကြီးတင်မြှောက်လေ့ရှိကြသည်။

"သွေးသောက်ကြပြီးလျှင် စည်းလုံးညီညွတ်စွာ သွေးသောက်ကြီးစီမံရာ၊ နာခံကျင့်ကြံကြသူ လူစုကို သွေးသောက်စုတစ်စုခေါ်သည်။ သွေးသောက်ဆိုသောစကားကို သွေးတစ်လုံး သောက်တစ်လုံး ခွဲခြား၍ မရေးဘဲ "သွောံ"ဟု အတိုချုံး၍ ရေးလေ့ရှိသည်။ သွေးသောက်စုဟူသော ဝေါဟာရမှာ မြန်မာအမိန့်တော်များ၊ အမိန့်တော်ပြန်တမ်းများ၊ စော်ဘွားတင်စာတမ်း၊ စစ်တမ်းများတွင် ပါဝင်သုံးစွဲလေ့ရှိသည်။

"ရှင်ဘုရင်လုပ်ရန် အကြံရှိသူတို့မှာ ဆိုခဲ့သည့်အတိုင်း သွေးသောက်သောအချက်ကိုပင် ရဲရည်ဖက်သည်ဟု ခေါ်သေးသည်။ ။ ဟံသာဝတီဆင်ဖြူများရှင် ရှင်ဘုရင်လုပ်ရန် အကြံပြုစ ၉၁၂–ခုမှာ သွေးသစ္စာသောက်သူ လူပေါင်း ၂၈၊ အလောင်းမင်းတရား ရှင်ဘုရင်လုပ်ရန် အကြံပြုစ ၁၁၁၃ ခုမှာ သွေးသစ္စာသောက်သူ လူပေါင်း ၆၈၊ အမရပူရပထမမြို့နန်းတည်မင်းတရား ရှင်ဘုရင်လုပ်ရန် အကြံပြုစ ၁၁၄၃ ခုမှာ သွေးသစ္စာသောက်သူ လူပေါင်း ၁၂ အသီးသီးဖွဲ့စည်းကြသည်။ လူ

mgyoe.com

mgyoe.com


သက်သက်ဖြစ်လျှင် "ရဲရည်ဖက်ရသည်"ခေါ်ကြသည်။ မြင်းပါလျှင် "မြင်းရည်ဖက်သည်" ခေါ်ကြသည်။ သည်ကဲ့သို့ ရဲရည်ဖက်သူ၊ မြင်းရည်ဖက်သူ လူစုအချင်းအရာကို လင်္ကာစိကုံးစပ်ဆိုထားသော ကဗျာများလည်း များစွာရှိသည်။ "ရဲတင်းလင်္ကာ–ရဲတင်းမော်ကွန်း"ဟူ၍ ခေါ်လေ့ရှိ၏။

"ခြောက်ကျိပ်ရှစ်လျှင်၊
သောင်းခွင်ဇမ္ဗူ။
ယူအံ့ကြံစည်၊
သစ္စာချည်သည်" –

ဟူ၍ အလောင်းမင်းတရား ရဲတင်းလင်္ကာ၌ ပါ၏။

"မြန်မာနိုင်ငံအထက်ပိုင်းကို အင်္ဂလိပ်မင်းပိုင်နယ်အတွင်း သွတ်သွင်းသိမ်းပိုက်စအခါကလည်း ဆိုခဲ့သည့်နည်းပင် အစည်းအရုံးဖွဲ့ကာဖွဲ့ကာ၊ သွေးသစ္စာသောက်ကြသော မင်းလောင်းအသင်း၊ ဓားပြအသင်းများကလည်း အားကြီးပေါ်ထွက်သောအချက်လည်း မျက်မြင်လက်တွေ့ဖြစ်တော့သည်။

တကယ့်အဟုတ် လက်မောင်းသွေးကို သောက်၍ သွေးသောက်ဖွဲ့လေ့ရှိသည်မှာ မြန်မာလူမျိုးတို့သာမဟုတ် တလိုင်း၊ ရှမ်း၊ ယွန်း၊ ကရင်၊ ကချင်၊ ချင်း စသော လူမျိုးများမှာလည်း ဆိုခဲ့သည့်နည်းပင် သွေးကိုဖောက်၍ သွေးသောက်သော ဓလေ့ရှိကြသည်။

"အရေးကြီးသည့်အခါ သွေးနီးရာပါမြဲ" ဆိုသောစကားအတိုင်း တိုင်းရေးပြည်မှုပေါ်လာသည့်အခါ သွေးနီးရာလူစုခြင်း၊ တစ်နည်းအားဖြင့် သဘောတူသူလူ ရွေးကောက်၍ သွေးသောက်ကြခြင်းများမှာ မြန်မာသက္ကရာဇ် ၁၁၄၃ ခုနှစ်တိုင် အခိုင်အမာပေါ်လာသေးသတည်း။"

ဖော်ပြခဲ့သည့်အတိုင်း သွေးသောက်ဖွဲ့ခြင်းသည် ပေါ်လွင်သော

mgyoe.com

mgyoe.com


လုပ်ငန်းမဟုတ်။ သွေးနီးရာ ကြိတ်ကြံသောအရေးတော်ပုံဖြစ်၍ လျှို့ဝှက်မှသာ သွေးသောက်ဖွဲ့နိုင်၏။ လျှို့ဝှက်သော အလောင်းဘုရားမြင်းရည်ဖက် ၆၈ ယောက်ကြောင့် မြန်မာနိုင်ငံ တတိယမြောက် ထင်ရှားထွက်ပေါ်လာသည် မဟုတ်ပါလော။ မြန်မာတွေ တလိုင်းလက်အောက်က လွတ်၍ ကိုယ့်မင်းကိုယ့်ချင်းနှင့် လူတန်းစေ့ နေထိုင်နိုင်သည်မဟုတ်ပါလော။

ရာဇဝတ်မှုသက်သက်ကျူးလွန်သော လျှို့ဝှက်သင်းများမှအပ၊ မြောက်မြားစွာသော လျှို့ဝှက်သင်းများ၌ လူကုံထံများ ပါဝင်ကြ၏။ လျှို့ဝှက်သင်းသည် အားကြီးသူအစမ္ပသမားတို့အား တော်လှန်ဖြိုဖျက်သော အားနည်းစုလက်နက်ကြီးဖြစ်၏။

ရာဇဝင်အစောင်စောင်၌ လျှို့ဝှက်သင်းများ ပေါ်ပုံပါရှိ၏။ လူမျိုးတိုင်း၊ နိုင်ငံတိုင်း၊ ခေတ်တိုင်း၌ လျှို့ဝှက်သင်းများပေါ်ကြ၏။ တိုင်းနိုင်ငံ၏ လောကဓံတရားအတိုင်း၊ ငုပ်ချည်ပေါ်ချည်နှင့်နေကြ၏။

ခေါ်မ၊ ရောမ၊ အီဂျစ် စသော အင်ပါယာနိုင်ငံဟောင်းကြီးများ၌ ဘာသာရေးနှင့် ပတ်သက်သော အရည်းကြီးလျှို့ဝှက်သင်းဂိုဏ်းများပေါ်ခဲ့၏။ ဗိလိနတ်ဖြင့် လှည့်စားကာ အသက်မွေးသော ရဟန်းတု၊ ရဟန်းယောင် လျှို့ဝှက်သင်းများ ပေါ်ခဲ့၏။ မြန်မာပြည်ပုဂံခေတ်၌ အရည်းကြီးရှစ်ကျိပ်ကျော်တို့သည် လျှို့ဝှက်စွာဖွဲ့စည်း၍ ပုဂံသူ–ပုဂံသားများအဆီစား အသားမျို အရိုးခဲလျက် ပန်းဦးလွှတ်ခိုင်း၊ နဂါးကိုးကွယ်ခြင်းများပြုလုပ်ခိုင်းစေခဲ့သည်မဟုတ်ပါလော။

နတ်ထိန်း၊ နက္ခတ်ဗေဒင်ဆရာ၊ သမားဟူးရား ပုရောဟိတ် နိမိတ်ဖတ်သမား၊ အင်း အိုင် အောက်–ထက်လမ်းဆရာများသည် လျှို့ဝှက်စွာ ဂိုဏ်းထောင်၍ တရုတ်၊ ဂျပန်၊ မက္ကဆီကို၊ သိုးဆောင်းပြည်များ၌ ရှေးခေတ်မှ ယခုခေတ်တိုင် လှည့်ဖြား စားသောက်နေကြ၏။ ပါရှားပြည်

mgyoe.com

mgyoe.com


က "မယ်ဂျီ" မှော်ဆရာဂိုဏ်း၊ ကုလားပြည်က ဗြဟ္မဏာပုဏ္ဏားဂိုဏ်း၊ ရှေးခေတ်ဗြိတိန်က ဒရုတ်ဆ် ရသေ့ကြီးများဂိုဏ်းတို့သည် လျှို့ဝှက်သော အစဉ်အလာသဏ္ဌာန် အဝတ်အစား အနေအထိုင်ဖြင့် သက်မွေးဝမ်းကျောင်းကြ၏။ ရှေးဟောင်းဘာသာကြီးများတိုင်း လျှို့ဝှက်စွာ သဘင်ခင်းကျင်းလေ့ရှိ၏။ သင်္ချိုင်းဟောင်း၊ အရိုးအိုး၊ ဂူအိုး၊ ချောင်ဆွေး၊ တောင်ကမ်းပါးများ၌ ရှေးသရောအခါက ပေါ်ခဲ့သော လျှို့ဝှက်သင်းများ၏ အစအန လက်ရာများကို ကျောက်စာ၊ သိုက်ဆရာတို့သည် တူးဖော်တွေ့ကြုံခဲ့ကြ၏။

ခရစ်နှစ် ၁၁၀၀ မှ ၁၄၀၀ တိုင် ဥရောပတိုက် "ကြားခေတ်" ကြီးအတွင်း၌ ဘာသာရေးစစ်ပွဲများကျင်းပခဲ့၏။ ခရစ်ယာန်နှင့် မဟာဗေဒင်တို့ စစ်ထိုးခဲ့ကြ၏။ ဘာသာလဝါလျှို့ဝှက်သင်း "နိဗ္ဗာန်ပေါက်" သင်းများ ပေါ်ခဲ့၏။ ရောမရဟန်းမင်းအမိန့်ရ လျှို့ဝှက်သော "အင်ကွီဆင်ရှင်း" ရဟန်းခုံအဖွဲ့များ ပေါ်ခဲ့၏။ ရိုမင်ကက်သလစ် ရေဖျန်းခံမဟုတ်လျှင် ထိုခုံအဖွဲ့များက ရက်စက်စွာ သတ်ဖြတ်ရန် စီရင်ကြ၏။ ဥရောပတိုက်ရာဇဝင်၌ ထင်ရှားခဲ့၏။

အင်္ဂလိပ်ရတ်ထွက်ရပ်ပေါက် ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီ၊ ရသေ့ဂိုဏ်းများလည်း မှိုပွင့်ပမာ တိတ်တဆိတ် ကမ္ဘာအနှံ့အပြားပေါ်ခဲ့နေ၏။ ကိုယ့်အယူ ကိုယ့်အထက်ဆရာကြီးနှင့် ကိုယ့်ထင်တစ်လုံးဖြင့် အယူအဆတူသူချင်း လျှို့ဝှက်စွာ ဂိုဏ်းထောင်ကြောင်း ကြားသိရ၏။

ဖရီမေဆင် "ပန်းသျှူးခေါင်းဖြတ်" အသင်းသည် ပေါ်သည်မှာ နှစ်ပရိစ္ဆေဒကြာခဲ့ပြီး ယနေ့တိုင် ထွန်းကားနေ၏။ ကမ္ဘာပေါ်တွင် အဖွဲ့ပေါင်း ၂၅,၀၀၀ ရှိ၏။ အဖွဲ့ဝင် သုံးသန်းကျော်၏။ အစီအစဉ် လျှို့ဝှက်ထား၏။ သို့ရာတွင် အခမ်းအနား ခင်းကျင်းရာ၌ လျှို့ဝှက်ခြင်းကြောင့် လျှို့ဝှက်သင်းဖြစ်နေ၏။

mgyoe.com

mgyoe.com


ခေတ်သစ်လျှို့ဝှက်သင်းများမှာ ၁၇၅၀–၁၈၀၀ ခုနှစ်လောက်က စတင်ပေါ်သည်ဆိုကြ၏။ ၁၇၀၉ ခုနှစ် ပြင်သစ်သူပုန် အရေးတော်ပုံကြီးက လျှို့ဝှက်သင်း မြောက်မြားစွာပေါ်အောင် လှုံ့ဆော်ပေးခဲ့၏။

စပိန်ပြည် ကွန်မြူနာရီ၊ ဂရိပြည်–ဟီတေးရီးယား၊ ပြင်သစ်နှင့် အီတလီပြည်များ၊ ကာဘိုနာရီ ပိုလန်သူပုန်များ၊ တူရကီလူငယ်စု၊ ရုရှားပြည် နဟီးလစ် အယူသီးဂိုဏ်းနှင့် ဖော်လ်ရှီဗစ် ကွန်မြူနစ်ပါတီ၊ အိုင်ယာလန်ပြည် လူဖြူကလေးများ၊ ဘော်လကန်ပြည် ပင်းဆယ်လ်ဘင်နစ်ဆင်စသည်တို့သည် အသီးအသီး ကာလဒေသပတ်ဝန်းကျင်အရ ကိုယ့်ဝါဒ စည်းမျဥ်းဖြင့် လျှို့ဝှက်စွာ အရေးတော်ပုံဖောတ်ခင်း၍ တော်လှန်မှုကြီး မျှော်ကုန်ကြ၏။ တွေ့လည်း တွေ့ကြသေး၏။ တစ်ခါတစ်ရံ တစ်ပြည်တည်း လျှို့ဝှက်သင်းတစ်ခုထက်ပို၍ အကြံတူရန်သူအလုပ်တူ ငြူစူဖူး၏။ တစ်ခါတစ်ရံ လျှို့ဝှက်သင်း သွေးသောက်ဖွဲ့များသည် ပေါင်းစပ်ရောနှောသွေးစည်းသွားကာ အစိုးရအတိုက်အခံအဆောက်အဦဖြစ်သွား၏။ မြန်မာပြည်၌ ဂဠုန်သူပုန်၊ ၁၉၃၀ ပြည့် ဘင်္ဂလားကုလားပြည်၌ ပယ်ရယ်ရစ်ဆ် သူသတ်ဂိုဏ်း၊ ၁၉၃၇ ခုနှစ် ယိုးဒယားသူပုန်များသည် ကျွန်ုပ်တို့၌ တွေ့ကြုံကြားသိဖူးရသော "လက်တွေ့" ကိစ္စများဖြစ်ကြ၏။ ၁၉၁၄ ခုနှစ် ဩစတြီးယားမင်းသားပစ်သတ်သော ဘော်ဆနီးယန်းကျောင်းသား ပရင်းဇစ်ပ်သည် ၁၉၁၄–၁၈ ခုနှစ် ကမ္ဘာစစ်ကြီးဖြစ်ပွားအောင် ဖန်ဆင်းနိုင်သော လျှို့ဝှက်သင်းသားတစ်ဦးဖြစ်၏။

ကမ္ဘာ့ရာဇဝင်၌ ရောမဘုရင် ဂျူလီယက်ဆီဇာ၊ နပိုလီယံစသည်တို့သည် လျှို့ဝှက်သင်းဖြင့် "ရွှေထီးဆောင်း" သွားကြရ၏။ ရောမဘုရင်ဆီဇာမှာ လျှို့ဝှက်သင်းတစ်သင်းလက်ချက်ဖြင့် အသက်ထွက်သွားရှာရ၏။

mgyoe.com

လျှို့ဝှက်သောအသင်းများဆို၍ စည်းမျဉ်းဥပဒေသီးသန့်စွာ မရှိ "ပေါ်လွင်" သော အသင်းများကဲ့သို့ မည်မည်ရရ တံဆိပ်၊ အမှတ်သညာ၊ အခမ်းအနား၊ သဘင်၊ ရာဇဝင် မရှိချေ။ မာတိကာအစဉ် က၊ ခ နှင့် စနစ်ကျနစွာ ရေးသားခြင်းငှာ မတတ်စွမ်းနိုင်ချေ။ ပါးစပ်ရာဇဝင်၊ ရာဇဝင်ဝတ္ထုများ စသည်တို့မှလည်း လျှို့ဝှက်သင်းများအကြောင်းများ ထုတ်နုတ်ရရှိလေသည်။ ဟွန်းဂ် တရုတ်စည်းလုံးရေးအသင်းသည် အနှစ် ၁၅၀၀ ကြာမြင့်စွာတည်ရှိ၏။

လျှို့ဝှက်သင်းများသည် လောကခံ ဒဏ်ခံကြရ၏။ တချို့ ၄-၅ နှစ်သာ ခံ၏။ တချို့တလေ သူပုန်ကြီး-မင်း ဆိုသလို လျှို့ဝှက်သင်းမှ အုပ်ချုပ်ရေးဌာနကြီး ဖြစ်သွား၏။ ဟစ်တလာ အိမ်တော်ပါတပည့်တပန်းများသည် ဟစ်တလာတကော်ခါစက လျှို့ဝှက်သင်းဖွဲ့၍ နေရှင်နယ်ဆိုရှယ်လစ်အရေးတော်ပုံကို ကြိုးကိုင်ပေ၏။ ယခုအခါ ဟစ်တလာ အထွတ်အထိပ်ရောက်၍ "ဂတ်စတာပို" ခေါ် ဟစ်တလာ့လက်ရုံး သူလျှိုအဖွဲ့ကြီးဖြစ်လာ၏။

လျှို့ဝှက်သင်းများအကြောင်း၊ အကျဉ်းသာ ရေးသားနိုင်၏။ သို့ရာတွင် မကြာမီ လျှို့ဝှက်သင်းတစ်သင်းစီအကြောင်း အတ္ထုပ္ပတ္တိ တခမ်းတနား ဝေဝေဆာဆာကြီး ရေးသားနိုင်ပေလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

"လျှို့ဝှက်သင်း"သည် (Secret Socities by D.W. Pike) ပိုက်ခ်ရေး "လျှို့ဝှက်သင်းများ" ကျမ်းငယ် "မူ" ထားပြီးလျှင် ကာလပေါ်ခေတ်ရာဇဝင် အတ္ထုပ္ပတ္တိကျမ်းအစောင် ၁၄-၅ စောင်နှင့် တိုက်၍ စီရင်ရေးသားအပ်ပါကြောင်း။

မြဒေါင်းညို

၄-၃-၄၈။

mgyoe.com

mgyoe.com

[၁]

# ရာဇဝတ်မှုကျူးလွန်သင်းများ

## (၁) စစ္စလီ၊ မာဖီးယားသူရဲကောင်း

“မာဖီးယား အရေးတော်ပုံ အောင်ပါစေ” ဆိုသော ကြွေးကြော်သံသည် ကြက်ပျံမကျ၊ သာမောလှသော အီတလီပြည်ပိုင် စစ္စလီကျွန်းကြီးမှ တစ်ခဲနက်ပေါ်လာလေ၏။ ကြားသူတိုင်း ကြောက်ရွံ့တုန်လှုပ်ကြ၏။ မာဖီးယားခေါ် ကြောက်မက်ဖွယ်ကောင်းသော လျှို့ဝှက်သင်းကြီးသည် စစ္စလီကျွန်းကံကြမ္မာကို ခရစ်နှစ် ၁၈၅၄–၁၉၂၄ ခုတိုင် ဖန်တီးခဲ့၏။

မာဖီးယားအသင်းကြီး၌ ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်ရေးရှိ၏။ အသင်းကြီးက စည်းမျဉ်းဥပဒေရေးဆွဲသတ်မှတ်မထား၊ ထုံးတမ်းအစဉ်အလာအတိုင်း ခရီးသွား၏။ ပုလိပ်စုံထောက်အဖွဲ့များ ခန့်အပ်ထား၏။ အီတလီအစိုးရကို တစ်ဂိုဏ်းတစ်စင်ဖြင့် အန်တုသော အစည်းအရုံးကြီးဖြစ်၏။ လူမင်းတိုင်း၊ မြေခွန်များပင်လျှင် အသင်းကြီးနာမည်ဖြင့် ကောက်ခံ၏။ အသင်းကြီးသြဇာမခံသူများကို မြေလှန်ရှာဖွေ၍ အဆုံးစီရင်ပစ်၏။ မာဖီးယားများသည် တိုင်းပြည်ကြီးတွင် တိုင်းပြည်ငယ်တစ်ဆူ ထွန်းကားနေသည်သာမက နေပြည်တော်ကို ထီးပြိုင်နန်းပြိုင်ဆိုင်နေသော တစ်သီးပုဂ္ဂလ တိုင်းပြည်အစည်းအရုံးအသင်းအဖွဲ့ဖြစ်၏။

မာဖီးယားအသင်းသည် ပေါ်စ၌ လက်ရွေးစင်ခေါင်းဆောင်များမရှိ။

mgyoe.com

mgyoe.com


လျှို့ဝှက်သော အမှတ်သညာ တစ်စိတ်တစ်ဒေသအသင်းတံဆိပ်၊ ဓာတ်သွင်းသောအခမ်းအနားနှင့် အသင်းဝင်စည်းကမ်းဥပဒေ သီးသီးသန့်သန့်ကြီးမထားချေ။ အသင်းဝင်လိုသူသည် သတ္တိဗျတ္တိစွမ်းပကားနှင့် ပြည့်စုံ၍ ဓားခုတ်–လှံထိုး လက်ရုံးရည်အတတ်ပညာတတ်မြောက်ပါက အလိုအလျောက်ပင် မာဖီယားအသင်းသား ဖြစ်သွားနိုင်၏။ ယောကျ်ားပီသသော စစ္စလီကျွန်းသားတိုင်း မာဖီယားအသင်းသားဖြစ်၏။ အသင်းဝင်မှာ သူရဲဘောနည်းကြောင်းပြသည်နှင့်တစ်ပြိုင်နက် အသင်းကြီးထုံးစံအတိုင်း အသတ်ခံရ၏။ မာဖီးယားအသင်းသားများ ပြောကြားသော "ဗန်း" စကား သတ်သတ်ပေါ်သေး၏။ အားကြီးသူ–အရဲဆုံး အမိုက်ဆုံးသူသည် ဗိုလ်ဖြစ်၏။ သူ့ထက်သူလူစွမ်းကောင်းများ ပေါ်ပေါက်၏။ ဗိုလ်လုပွဲပေါ်၏။ လုယက်တိုက်ခိုက်စုဆောင်းရသမျှကို ဩဇာအာဏာကြီးသူများက မိမိတို့ ကြိုက်သလို ဝေငှယူကြ၏။ နှုတ်ဆိတ်မှုသည် မာဖီယားတို့ ရှိသေရသောဓလေ့ဖြစ်၏။ ရဲရင့်ခြင်း အစဉ်အလာကို ထိန်းသိမ်းမှုသည် မာဖီယားတို့၏ ဝတ္တရားပင်ဖြစ်၏။

စစ္စလီကျွန်းရှိ မြေပိုင်ရှင်သူဌေးကြီးများ၏ လက်သုံးတော်၊ ကိုယ်ရံတော်တို့မှာ မာဖီးယားအသင်း မွေးဖွားပေါ်ပေါက်လာ၏။ သူဌေးကြီးများ၏ လက်ပါးစေ၊ အစောင့်အရှောက်အမှုထမ်းများဖြစ်၏။ ခရစ်နှစ် ၁၈၀၀ ပြည့်နှစ်ကျော်စလောက်၊ ပြင်သစ်ပြည်ရှင်ဘုရင် နပိုလီယံ (စစ္စလီကျွန်းသိမ်းပိုက်စဉ်က) မာဖီးယားအသင်းသားများသည် တောပုန်းဓားပြ၊ လူဆိုးများအဖြစ်ဖြင့် စစ္စလီကျွန်းကို အနှောင့်အယှက်ပေးခဲ့၏။ အီတလီပြည့်ရှင်ကလည်း နပိုလီယံ ရန်စစ်တွန်းလှန်ရေးအတွက် မာဖီးယားများကို အခစား–ကြေးစား စစ်သားများအဖြစ်ဖြင့် အသုံးချလိုက်၏။ ပြည့်ရှင်ဘုရင်က အသိအမှတ်ပြုလိုက်သဖြင့် မာဖီးယားများ တန်ခိုးတက်လာ၏။ မာဖီးယားများသည် စစ္စလီကျွန်း၌ တံခါး မရှိ– ဓားမရှိ သွားနိုင်၏။

mgyoe.com

mgyoe.com


ထွက်စည် ဝင်စည်ရနေ၏။ တန်ခိုးကြီးမားသည်ထက် ကြီးမားလာ၍ ကျွန်းသူကျွန်းသားများမှာ မာဖီးယားများအား ဘုရားတစ်ဆူ ဂူတစ်လုံးသဖွယ် ကြောက်ရွံ့ရိုသေလာ၏။ ငွေကြေး ကုံလုံကြွယ်ဝသူများက မာဖီးယားများကို မိုက်ကြေးပေးထား၏။ လက်သပ်မွေးကြ၏။ ဆင်းရဲသားသေးစုပ်မှုများ၌ မာဖီးယားများကို အသုံးချ၏။

မာဖီးယားများမှာ ရက်စက်၏။ ဘက်တော်သားမဟုတ်သူများကို အဆုံးစီရင်ပစ်၏။ အသတ်ခံရသူအတွက် ရုံးတော်၌ မည်သူမည်ဝါမှ လိုက်လံ၍ သက်သေခံသည်မရှိ။ လူငယ်လူရွယ်တိုင်း မာဖီယားအသင်းဝင်ဖြစ်လျှင် လူဖြစ်ကျိုးနပ်သည်ယူဆကြ၏။ ၁၇၆၀ ပြည့်နှစ်၊ အီတလီမျိုးချစ်သူပုန်ကြီး (ဂရီဘော်လ်ဒီ)သည် မာဖီးယားအသင်းကြီးကို နှိမ်နင်းရန် အားထုတ်ခဲ့၏။ အချည်းနှီးဖြစ်သွားဖူး၏။ လူပုံလယ်မှာ မာဖီးယားတစ်ဦးက လူတစ်ဦးတစ်ယောက်ကို သတ်ဖြတ်ပစ်လိုက်အံ့၊ မျက်မြင်က မိမိတို့နှင့် မဆိုင်သလို လျစ်လျူရှုကြ၏။ ခေါင်းပြုတ်သွားမှာ ကြောက်ရွံ့ကြ၏။ မာဖီးယားလျှို့ဝှက်သင်း အရှိန်အစော် ကြီးမားပေစွ။

မာဖီးယားအသင်းသည် စက္ကူပေါ်တင်ရေးသားသော စည်းမျဉ်းဟူ၍ မည်မည်ရရ မရှိလင့်ကစား အသင်းထုံးတမ်းအစဉ်အလာ ရှိသေရ၏။ သစ္စာကြီးရ၏။ မြို့ထဲ၌ လူတစ်ယောက်သတ်လိုလျှင် ဂရုစမ္မစိုက်ထုတ်ကာ အစီအစဉ်ဆွဲထား၏။ သူသတ်မှာ သက်ကြာကင်းသော မာဖီးယားသင်းဝင် လူကုံထံဖြစ်၏။ "သတ်စေ"အမိန့်ကျမှ သတ်ရန် လက်နက်ကို သူသတ်လက် ဝ,ကွက်အပ်လိုက်၏။ သတ်ပြီးသည်နှင့်တစ်ပြိုင်နက် ထိုလက်နက်မှာ သူသတ်လက်မှာမရှိ၊ တစ်ဆင့် အဆင်သင့်ပြင်ဆင်စောင့်ရှောက်နေသူ မာဖီးယားအသင်းသားများလက် တစ်ခုမှ တစ်ခု ပြောင်းလွှဲ ကွယ်ပျောက်သွားလေ၏။ လက်သည်မပေါ်တော့ချေ။ လုပ်ကြံရာ၌ အစအနသေသပ်၏။ မာဖီးယားများ ငွေညှစ်လိုသူထံသို့

mgyoe.com

mgyoe.com


ကဗျာဆန်ဆန် ယဉ်ကျေးစွာ(ငွေဘယ်မျှလောက်ပေးပါ)မတောင်း၊ "ပန်းတစ်ပွင့်မစလိုက်ပါ" စသည်ဖြင့် တောင်းဆို၏။ ငွေမရလျှင် လူပြန်ပေးအိမ်မီးတိုက်၊ ခြံရှိ ကျွဲနွားသတ်နှင့် လက်စွမ်းပြ၏။ လက်စွမ်းပြမှုများကို မထိလေးစားပြုပါက ကာယကံရှင်ကို အဆုံးစီရင်လိုက်၏။

မာဖီးယားအသင်းစတင်ပေါ်စဉ်က အသင်းမှာ သစ္စာကြီး၏ စည်းကြီး၏၊ လူဆေါက်သောက်လက်မခံ၊ အဂတိတရားမလိုက်စားချေ။ ငွေးသူများမှ မိုက်ကြေးရသမျှကို အသင်းကြီးတချို့တစ်ဝက်ယူ၊ တချို့တစ်ဝက်မွဲသူ ဝေငှပေး၏။ မိုက်ကြေးတောင်းရလျှင် ကတိထားသည့်အတိုင်းစောင့်ရှောက်ပေးစရာရှိ စောင့်ရှောက်ပေး၏။ သမီးပျို သားပျို ဖျက်ဆီးသည်မရှိ။ သို့သော် အသင်းကြီး၍ တန်ခိုးထွားလာသောအခါ စည်းမဲ့၊ ကမ်းမဲ့၊ သစ္စာကတိမဲ့ ဖြစ်လာ၏။ ကြီးနိုင်ငယ်ညှဉ်းဆဲတရားကို လက်ကိုင်ပြုကြကုန်၏။ မာဖီးယားသင်း နာမည်ပျက်သွား၏။

၁၉၂၄ ခုနှစ် မေလအထိ အနှစ် ၇၀ တိုင် မာဖီးယားအသင်းကြီး တန်ခိုးထွား၍ စစ္စလီအမျိုးသားများအား အဆီစား အသားမျို အရိုးခဲခဲ့၏။ ၁၉၂၄ ခုနှစ်၌ အီတလီအာဏာရှင် မူဆိုလီနီသည် စစ္စလီကျွန်းပလာမိုမြို့တော် ကြွရောက်လာစဉ်အခါက 'မာဖီယားလျှို့ဝှက်သင်း လူဆိုးသင်းကို အမြစ်က လှန်ပစ်မည်"ဟု ကြုံးဝါးသွားခဲ့၏။ အာဏာရှင်မူဆိုလီနီက 'စစ္စလီမျိုးချစ် ၅ သန်းကျော်ကို စော်ကားနှိပ်စက်သောမာဖီးယား သူခိုးဓားပြများ အသိုက်အအုံကို ဖျက်ဆီးဖျောက်ပစ်မည်" ကြော်ငြာချက်က မာဖီယားအသင်းထဲ မဝင်ချင်ဘဲ အစမ္မကြောင့် ဝင်ကြရသော စစ္စလီမျိုးချစ်များကို တအားတက်စေ၏။ ရှင်ဘုရင်ဘုန်း မိုးသို့ချွန်း၊ သူပုန်းတောမှာ မနေသာ။ ။ မူဆိုလီနီကလည်း ကတိထားချက်အရ ပလာမိုမြို့ ပုလိပ်မင်းကြီး မိုရီကို မာဖီးယားသုတ်သင်ရေးအတွက် 'ဓားအပ်'လိုက်လေ၏။ စစ္စလီမျိုးချစ်များမှာ မာဖီးယားအစိုးရ

mgyoe.com

mgyoe.com



တိုက်ပွဲကို စောင့်စားကြည့်ရှုကာ သာပေါင်းညာစား သာယာစီးရန် အဆင်သင့်ပြင်လေ၏။

ပုလိပ်မင်းကြီးမိုရီကလည်း မာဖီယာအသင်းကြီး ချက်မ ဗဟိုရ် ဖြစ်သော မဒေါနီနယ် ဝင်စီးရန် ဆုံးဖြတ်ချက်ပြုလုပ်လေ၏။ ရေသောက် မြစ်ပြတ်မှ အပင်သေမည်ဆိုသောထုံးကို နှလုံးပြုဟန်တူ၏။ အရင်းလဲ အဖျားထင်းဖြစ်ဆိုသလို ချက်ကောင်းကြည့်ချိုင်ပစ်ရန် အခါအခွင့်စောင့် နေ၏။ စစ်ဦး–ဘီလူးဆိုသလို ကနဦးတိုက်ပွဲမှာ အစိုးရအောင်မြေနင်း လိုက်လျှင် စဥ္စလီ သာယာစီးများသည် အစိုးရဘက်ပါလာ၍ မာဖီးယား အား အရိုသေကင်းလာကာ ခုခံတိုက်ဖျက်မည်ကား မလွဲတည်း။

မာဖီးယားအသင်းသည် တောတောင် ထူထပ်သော မဒေါနီနယ် ကို မင်းမူ၏။ နယ်ရှိရွာများကို စီမံအုပ်စီး၏။ ရွာများသို့ သွားလမ်းခရီး မှာ မလွယ်ကူ ရွာများထဲရှိ အိမ်များ၌ လျှို့ဝှက်သောအခန်းများ၊ တွင်း များ၊ ထောင်ချောက်များ ပြည့်နှက်စွာရှိ၏။ မဒေါနီနယ် ဦးစီးသော ဂင်ဂျီရွာကြီးကို ပုလိပ်များ အလစ်ဝင်ဝိုင်း၏။ (မာဖီးယားသင်း သစ္စာ ဖောက်သူများသာ လက်ထောက်မချပါက ပုလိပ်များသည် ဤသို့ ပြုမူ ရဲမည်မဟုတ်) ရွာထဲရှိ အိမ်တိုင်းကိုပင် ပုလိပ်များ စတည်းချနေ၏။ တောင်ပေါ်တက်လမ်း၊ တောင်အောက်ဆင်းလမ်း၊ မြို့ဘက်သွားလမ်း များကို (မာဖီးယားများ ထွက်မပြေးနိုင်အောင်) ပုလိပ်သားများ ချောင်း မြောင်း ဆီးပိတ်ထားကြ၏။ ပုလိပ်မင်းကြီး(မိုရီ)က "အသက်နှမြောလျှင် လက်နက်ချ အညံ့စားခံကြ"ဟု ကြေညာလေ၏။ မောင်းကြေးနင်း လည် ခတ်စေ၏။ ပုန်းအောင်းနေသော မာဖီးယားများအား လူစုခွဲပစ်ခြင်း၊ အစားအစာမရအောင် လမ်းတိုင်း အစောင့်အကြပ်ခန့်ခွဲထားခြင်းတို့က ပုလိပ် အရေးသာစေ၏။ မာဖီးယားများ၏ ကျွဲနွားငှက်ကြက်များကို ပုလိပ်များက သတ်ဖြတ်ချက်ပြုတ်စား၏။ ပုန်းအောင်းနေသူများက

mgyoe.com

mgyoe.com


လည်း ဤအဖြစ်အပျက်ကို ပုန်းကွယ်ရာမှမြင်၍ အားမတန်ကာ အလစ်ဝိုင်းခံရသဖြင့် ရင်ဆိုင်ထွက်မတိုက်ရဲဘဲ အံကြိတ်ကာ ချိုသွေးနေကြ၏။ စားလိုသောအမဲသားများကို နယ်ပယ်ရှိ ဆင်းရဲသားများအား အပေါ်ဆုံးဈေးဖြင့် ရောင်းပစ်၏။ တစ်နည်းအားဖြင့် မာဖီးယားများကို ပုလိပ်များက သရော်လိုက်၏။ လူတွေစိတ်၌ မာဖီးယားများသည် အလကား ယောင်ခြောက်ဆယ်သမားများဟု တွေးထင်အောင် ဖန်တီးလိုက်၏။ တိုက်ခိုက်ခိုးယူထားသော မာဖီးယားအသင်းပစ္စည်းများကို လေလံတင်၍ အပေါ်ဆုံးဈေးဖြင့် ရောင်းပစ်၏။ သရော်ချက်မှာ ချက်ပိုင်လှ၏။ မာဖီးယားအသင်းမှာ နာမည်ကြီးသလောက် လူရယ်စရာဖြစ်နေ၏။ ကျွန်းသူကျွန်းသားများသည် မာဖီးယားများအား မရိုသေစပြုလာ၏။ "သူရဲကောင်းတွေ ထဘီဝတ်ရန်ကောင်းတယ်"ဟု ကဲ့ရဲ့ကြကုန်၏။ ရာဇဝင်ပြောင်ခဲ့သော မာဖီးယားသည် ကြောင်မိသောကြွက်၊ ထောင်ချောက်ထဲကျသော ကျားကဲ့သို့ ငုတ်တုတ် ပုန်းအောင်းရာမှ ရှေ့မတိုးနိုင် နောက်မဆုတ်နိုင် ဝက်ခေါင်းထိုးမိနေကြ၏။

အစာရေစာ ခေါင်းပါးလှသဖြင့် မာဖီးယားခေါင်းဆောင် သူရဲကောင်းကြီးများသည် တစ်ယောက်စီ ပုန်းကွယ်ရာမှ ထွက်ပေါ်လာ၍ ပုလိပ်ထံ အညံ့ဝင်ခံလေ၏။ "ခံရိပ်"မပြဘဲ လက်နက်ချ၏။ သွေးထွက်သံယိုမှု သေရဲသတ်ရဲသော မာဖီးယားသူရဲကောင်းများသည် မခုတ်တတ်သည့် ကြောင်များဖြစ်သွားကြ၏။ ပုလိပ် အကြံပိုင်လှ၏။ ယောကျ်ားစားသွေး မိန်းမသားမွေး "အိုမာတာ"ခေါ် ယောကျ်ားကောင်းပီသမှု၊ သစ္စာကြီး၍ ဝတ္တရားအစဉ်အလာရှိသေမှု၊ ရဲရင့်စွန့်စားမှု စသော ဝါဒအစဉ် လက်ဆုပ်လက်ကိုင်ထားသော မာဖီယားအသင်းဝင်တို့မှာ သေနတ်တစ်ပစ်–ဓားတစ်ခုတ်–လှံတစ်ထိုးမျှ လူစွမ်းလူစမပြသဘဲ လက်နက်ချလိုက်ခြင်းသည် မာဖီးယားသင်း ကွယ်ပျောက်ရေးကိစ္စပင်တည်း။

mgyoe.com

mgyoe.com


"သန်းခေါင်၊ လကွယ်၊ တောအုပ်လယ်" ထက်မိုက်သော အာဏာရှင်လူမိုက်ကြီး မူဆိုလီနီသည် မာဖီးယားလျှို့ဝှက်သင်းကို မီး ရေနှင့် ငြိမ်းသလို သတ်လိုက်ချေပြီ။ မူဆိုလီနီပုလိပ်များသည် အားလုံးအရင်းကောင်း၏။ စည်းစနစ်ကျနစ်၏။ မာဖီးယားတို့မှာ အသားထဲက လောက်ထွက်ခံရ၏။ နာမည်ကြီးသလောက် စည်းစနစ်မကောင်း၊ တန်ခိုးကြီး၍ အလုပ်ပေါ့ဆလာ၏။ ဖော်ပြခဲ့သည့်အတိုင်း အညှဉ်းခံရသောဘဝရောက်သွားလေသည်။

ထူးဆန်းချက်တစ်ရပ်ပေါ်၏။ မာဖီးယားခေါင်းဆောင်များသည် အညှဉ်းခံဝင်လာစဉ် 'ဖရီရယ်လို'ခေါ် မုတ်ဆိတ်ဖြူမာဖီးယားခေါင်းဆောင်က ပလာမိုမြို့တော်ဝန်အိမ်လာရောက်ပြီး လက်နက်ချလိုကြောင်း တစ်ဆင့်ဆိုင်ရာ အကြောင်းကြားလေ၏။ အခွင့်ရသည်နှင့် ရဲရင့်တည်ကြည်သော အမူအရာဆောင်ကာ ဖရီရယ်လိုသည် ချိန်းထားသော အချိန်၌ မြို့တော်ဝန်အိမ်တော်ကိုယ်တိုင်ရောက်လာ၏။ လက်နက်ချ၏။ စစ်ဗိုလ်မှူးတစ်ဦး ရန်သူစစ်ဗိုလ်ဆီ လက်နက်လာချသည်နှင့်တူ၏။ သို့သော် မကြာမီ ကိုယ့်ဘဝကိုယ် စဉ်းစားမိသဖြင့် ဖရီရယ်လိုမှာ ကြိုးဆွဲချသေလိုက်၏။

"မာဖီးယားသင်း ပျက်ပြီ၊ ... ခေါင်းဆောင်တွေ လက်နက်ချဝင်ပြီ" .... သတင်းပျံ့နှံ့သွားသည်နှင့် မာဖီးယားသင်းကို ငွေဖြင့်သွေးထိုးပေးသော မြေပိုင်ရှင်သူဌေးကြီးများသည် ပုလိပ်အစစ်ဆေးမကင်းဘဲရှိကြ၍ တချို့ မင်းပြစ်မင်းဒဏ်ခံရ၏။ မြေပိုင်ရှင်ဘီလူးတို့မှာ ဆင်းရဲသားသွေးစုပ်မှုအတွက် အသုံးကျသော မာဖီးယားသင်း ပျက်သဖြင့် ဦးကျိုးကျသွားကြ၏။

ပုလိပ်များ အောင်မြေနင်းပွဲကျင်းပ၏။ မာဖီးယားလျှို့ဝှက်သင်း ခေါင်းဆောင် ဗိုလ် ၁၃၀၀ ကျော် လက်နက်ယူနီဖောင်းအဝတ်စား

mgyoe.com

mgyoe.com


အပြည့်အစုံဖြင့် "ရိုကာပလန်ဘား"ရှိနေရာ ကွက်လပ်သို့ အောင်မြေနင်းပွဲ ယှဉ်နွဲရန် စုရုံးလာကြကုန်၏။ တစ်နည်းအားဖြင့် လူမိုက်ချွတ်သော သဘင်သို့ လာရောက်ကြကုန်၏။ ဗိုလ်တိုင်းပင်လျှင် သတ္တိ ဗျတ္တိ အရည်အချင်းရှိသူများဖြစ်၏။ ပွဲတိုးခဲ့သူများဖြစ်၏။ ဗိုလ်ပရိသတ်ထဲ အကြီးအကဲလုပ်သူ တစ်ယောက်က ပရိသတ်ရှေ့ထွက်ကာ အီတလီ ပြည့်ရှင်ဘုရင် သစ္စာတော်ထိန်း စာတမ်းရွတ်ဖတ်ပြ၏။ မာဖီးယား ဗိုလ်ပရိသတ်က "ငါတို့ သစ္စာတော်စောင့်ပါမည်"ဟု သစ္စာဆိုကြ၏။ ပွဲကြည့်သူ လူထုကြီးက ကောင်းချီးပေးကြကုန်၏။

၁၉၂၅ ခုနှစ်၌ စစ္စလီကျွန်း ပလာမိုနယ်တွင် လူသတ်မှုကျူးလွန်ချက် ဂဏန်းမှာ ၂၆၀ မှုဖြစ်၏။ ၁၉၂၉ ခုနှစ်၌ ၂ မှုတည်း ဖြစ်ပွား၏။ ဓားပြမှု ၃၀၀ မှ ၄ မှုသို့ ဂဏန်းကျဆင်းသွား၏။ ပလာမိုနယ်မှာ ဝပြောစည်ပင်လာ၏။ မာဖီးယားအသင်းအင်္ဂါတ်များကို ကျုပြင်ခုတ် ကျူငုတ်မကျန် လိုက်လံသုတ်သင်ကြသည်ဟူ၏။

"ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး"သို့ မာဖီးယားလျှို့ဝှက်သင်းမှာ စစ္စလီကျွန်းတွင် သုဉ်းပြုန်းကွယ်ပျောက်သွားချေပြီ။ မာဖီးယားသင်း လိုလားသူ အချို့ အလေ့အမှုးများက စစ္စလီကျွန်း တစ်ထောင့်ထောင့်ဒေသက 'မာဖီယားအရေးတော်ပုံ အောင်ပါစေ' ကြွေးကြော်သံ မပေါ်လာဟု အတတ် မပြောနိုင်ချေဆိုကြ၏။ ယောက်ျားကောင်းပီသမှုဝါဒရှင်များက 'ဘိုးဘိုးအောင်' မျှော်သူများကဲ့သို့ မာဖီးယားသင်းကြီး တစ်နေ့နစ်၌ ပေါ်ဦးမည်ဟု မျှော်လင့်နေပေကြောင်း။ ။

mgyoe.com

mgyoe.com

# (၂) နေပဲလ်၊ ကမိုးရား

ကမိုးရားမှာ လျှို့ဝှက်သော အီတလီယံလူဆိုးသင်းဖြစ်၏။ အီတလီပြည် နေပဲလ်နယ် ထောင်ထဲရှိ အကျဉ်းသမားများက ထိုအသင်းကို စတင်တည်ထောင်လေသည်။ ကမိုးရားသည် မိုးအောက်တွင် ဖြစ်ပျက်နိုင်သော ရာဇဝတ်မှု အမျိုးမျိုးကျူးလွန်၏။ မိုက်ကြေးခွဲစား၏။ ရာဇဝတ်မှု ကျူးလွန်ခြင်းကို အသက်မွေးဝမ်းကျောင်းပြုလုပ်၏။ ခိုးမှုကလေးမှ လူပြန်ပေးပြုလုပ်မှု၊ လူသတ်မှုအထိ ငွေရရေးမြင်လျှင် မဆိုင်းမတွ ထထကြွကြွပြုလုပ်ပစ်လေ့ရှိ၏။ ၁၅၇၃ ခုနှစ်လောက်ကစ၍ နေပဲလ်နယ်၌ ကမိုးရား လျှို့ဝှက်သော လူဆိုးသင်း ဗိဇပေါ်ခဲ့၏။

၁၈၂၀ ပြည့်နှစ်၌ ကမိုးရားမှာ ထုထည်ကြီးမား၍ အသင်းကြီးခေါ်ဆိုလောက်အောင် နာမည်ပေါ်လာ၏။ ကမိုးရားစပေါ်ခြင်းအကြောင်းရင်းခံမှာ ဘရတွန်း(ပြင်သစ်) ဘုရင်များ၊ အာဏာပိုင်များသည် အီတလီထောင်ထဲကျနေသော အကျဉ်းသမားများကို ဖိစီးနှိပ်စက်၍ ကမိုးရားက ထိုနှိပ်စက်မှုမှ ပပျောက်အောင် ကာကွယ်ပေးသော အဖွဲ့အစည်းဖြစ်၏။ ကမိုးရားအသင်းသည် မူလကနဦး နေပဲလ်အကျဉ်းထောင်ထဲ၌ စတည်၏။ ထောင်ထွက်များသည် ထောင်ထဲက မျိုးစေ့ကို ထောင်ပြင်သယ်

mgyoe.com

mgyoe.com


ဆောင်သွားကာ လျှို့ဝှက်သော ကမိုးရားသင်း ထူထောင်လေ၏။ နေပဲလ်တစ်နယ်လုံး ကမိုးရားအသင်းခွဲများ ပျံ့နှံ့လျက် ရှိလေသည်။ ကမိုးရားသည် ဆင်းရဲသားများဖြစ်ကြ၍ ဒွေးကြွယ်သူများကို ခြိမ်းခြောက်ကာ လုပြန်ပေးလုပ်ကာ ငွေညှစ်ယူလေ့ရှိ၏။ သူပုန်ကြီးများနှင့် နိုင်ငံရေးခေါင်းဆောင်များက ကမိုးရားအသင်းဝင်များအား ၎င်းတို့ရည်ရွယ်ချက် ပေါက်မြောက်အောင် တန်ဆာပလာအဖြစ်ဖြင့် အသုံးချလေ့ရှိ၏။

ကမိုးရားအသင်းကြီးမှာ တစ်နေ့တခြား နှစ်ပရိစ္ဆေဒ ကြာလွန်သောအခါ တန်ခိုးထွားလာလေ၏။ ကမိုးရား၏ ကွယ်ကာစောင့်ရှောက်၊ ရှေ့ဆောင်မှုကို နေပဲလ်နယ်သားများ မလွန်ဆန်ဝံ့ချေ။ လွန်ဆန်သူတိုင်း အသက်ဆုံးရှုံးကြလေသည်။ နေပဲလ်တစ်နယ်လုံး ကမိုးရားကို အသက်တမျှ ကြောက်ရွံ့ရှိသေ၏။ ၁၈၂၀ မှ ၁၈၅၀ ခုနှစ်တိုင် ကမိုးရားဘုန်းတန်ခိုးအထွတ်အထိပ်ရောက်ရှိ၏။ ကမိုးရားအသင်းဝင်များမှာ လျှို့ဝှက်သင်းဝင်များဖြစ်လင့်ကစား မြို့ထဲရွာထဲ၌ 'ဘယ်သူ့လူမထင်' သော ဝါဒလက်ကိုင်ပြုကာ ရှည်လျားသော လည်ပတ်နီ၊ အရောင်ထွက်သော ခါးပတ်ပဝါနှင့် အကျီဂျာကင်တို၊ လက်စွပ်မြောက်မြားစွာ ဝတ်ဆင်ခြင်းနှင့် နားကပ်များ ပန်ဆင်ခြင်းတို့ဖြင့် လူကျယ်လုပ်၏။ ကမိုးရားအဝတ်အစား ဖက်ရှင်သစ် ထွင်လိုက်၏။ နေပဲလ်နယ်သူနယ်သားများက ကြောက်ကြောက်ရွံ့ရွံ့နှင့် အတုခိုး ဝတ်ဆင်ကြရလေသည်။

နှစ်ကာလများစွာပင်လျှင် ထောင်သည် ကမိုးရားသင်း လူသစ်ရွေးရာကောက်ရာ ဌာနကြီးဖြစ်၏။ ထောင်ထွက်ကြီးများက မိုလ်ဝင်ခံကြ၏။ ထောင်ကျဖူးမှပင် ကမိုးရားသင်းဝင်ဖြစ်ရတော့၏။ ထောင်ကျသွားသူ ထောင်သားသစ်သည် ထောင်ကျကျခြင်း ကမိုးရစ်ဆတား ဒင်ပြည့်ကမိုးရားသင်းဝင် ထောင်ဝါရင့်သူ၏ အညှဉ်းခံရ၏။ မဒေါ်နားဘာ

mgyoe.com

mgyoe.com


သာရေးနှင့် ပတ်သက်သော ပူဇော်ပသရေးအတွက်ဟု ငွေတောင်းခံရ၏။ ထောင်သားသစ်က လိမ္မာပါက ဘေးကင်း၏။ ရှိသမျှ ပိုက်ဆံကြေးငွေကို ကမိုးရားသင်းအား "တစ်ပွဲစား" အနေဖြင့် ပသလိုက်ပါက ထောင်မှူးနှိပ်စက်မှုမှ ကမိုးရားက ကာကွယ်ပေး၏။ မလိမ္မာပါက ဖွတ်ဖွတ်ကြေအောင် ရိုက်နှက်ခြင်း၊ သို့မဟုတ် ဓားစာကျွေးခြင်း ခံရရှာလေသည်။ ပြေးမလွတ်ချေ။ လူဆိုး လူမိုက် သူခိုး ဓားပြ အကျဉ်းသမားများလို့ ထောင်မှူး ထောင်ဗာရာများကလည်း တတ်အားသရွေ့ တိရစ္ဆာန်ကျင့်ကျင့်၏။ ကျားထက် ရှင်ကြီးဆိုးသည်ကို တွေ့ကြုံရသော အကျဉ်းသမားသည် ထောင်ထဲရှိ ကမိုးရားသင်းဝင် ထောင်ဝါရင့်သူများကို "ကိုး" ရရှာလေသည်။

ထောင်သားသစ်သည် သန်သန်မာမာ ထထကြွကြွရှိ၍ ကမိုးရားသင်းဝင်လိုပါက ဝင်ခွင့်ပြု၏။ သို့ရာတွင် အသင်းဝင်မှုမှာ မလွယ်ကူချေ။ အသင်းဝင်လိုသူက သူသည် ပကတိ ကြောက်ရွံ့ခြင်း ကင်းကြောင်း၊ ဓားဘေးမကြောက်ကြောင်း၊ လျှို့ဝှက်မှုကို သိုသိပ်နိုင်ကြောင်း၊ သက်သေသာဓကများနှင့် ပြသနိုင်ရပေသည်။ နေပဲလ်ထောင်ကြီးများ၌ မကြာခဏ ကမိုးရားသင်းသို့ ဇာတ်သွင်းပွဲကျင်းပ၏။ ထောင်အရာရှိများလည်း မသိချင်ယောင်ဆောင်နေကြ၏။ ထောင်သားများ စုဝေးရာခန်းမကြီး သို့မဟုတ် လူမရှိ လွတ်နေသော အကျဉ်းခန်းထဲသို့ လက်ထဲဓားမြှောင်ကိုင် ကမိုးရား ထောင်သားလူမိုက် ဗိုလ်များဝင်သွားကြ၏။ ထောင်ဗာရာ အစောင့်များက ရှောင်ပေးကြ၏။ အကျဉ်းခန်း (သမံတလင်း သို့မဟုတ် မြေခင်း) ပြင်ပေါ်၌ ထက်လှစွာသော ဓားမြှောင်များ ဝိုင်းဝန်းလျက်ရှိသော ငွေစတစ်စရှိ၏။ (ငွေစကိုကုန်းကောက်လျှင် လက်ဓားရှအောင် ဓားမြှောင်များ စီစဉ်ထား၏။) တလက်လက် တဝင်းဝင်း တောက်ပနေသော ဓားထက်များကို သာမန်လူတစ်ယောက်မြင်ပါ

mgyoe.com

mgyoe.com


က အသည်းနှလုံး တုန်လှုပ်ချောက်ချားသွားပေသည်။ အသင်းဝင်လို သူက စားကြားရှိ ငွေစကို ကောက်ရ၏။ စားထိသည်သာ များ၏။ ငွေစကောက်၍ လူမိုက်ဗိုလ်များကို ပြန်ပေးနိုင်လျှင် ကမိုးရားအသင်းဝင် ဖြစ်သွား၏။ ကမိုးရားမူလတန်းစာမေးပွဲ အောင်သည်မည်၏။

ထောင်မှထွက်လာသောအခါ ထောင်ထဲ ကမိုးရားသင်းဝင်သည် အဆင့်အတန်းမြင့်သော ကမိုးရား စာမေးပွဲများ ဝင်ရောက်ဖြေဆိုရ၏။ ကမိုးရစ်ဆတား ဒင်ပြည့် လေးဖက်လေးတန်စုံသော ကမိုးရား လူမိုက် ဗိုလ်တစ်ဦးဦးထံ ထောင်ထွက်ကို တပည့်ခံစေ၏။ တပည့်လုပ်ငန်းမှာ ဘေးများဝိုင်းနေ၏။ တပည့်ခံ၍ တူးနေအောင် မိုက်မှုကြောင့်၊ အသပြာ ကြေးငွေ အနည်းငယ် ရရှာ၏။ လူသတ်မှု ကျူးလွန်ရန် အမိန့်ကျသော အခါ ပစ်စီရိုတီ ကမိုးရားလူမိုက်ဗိုလ်တပည့်ခံသော ကမိုးရားသင်းဝင် ကိုဝါနူများသည် မဲကျသည့်အတိုင်း၊ ဝတ္တရားကျေပွန်အောင် ရာဇဝတ်မှု ကျူးလွန်ကြ၏။ ကမိုးရားလူမိုက်ဗိုလ် အပြစ်ကျူးလွန်၍ ဖမ်းမိသွားပါက ငယ်သားတပည့်များက စားစာခံအဖြစ်ဖြင့် အဖမ်းဝင်ခံ၍ ဆရာအစား တပည့်ထောင်ကျခံနိုင်ပါက ခံလိုက်၏။ ဤသည်ကား ကမိုးရားသင်း ၏ အစဉ်အလာတစ်ရပ်ဖြစ်၏။ ဤသို့ ဆရာ့အစား တပည့်ခံမှုက စားအောက်လက်ထိုးခံတပည့်မှာ ကမိုးရားငယ်သားဘဝမှ ကမိုးရား လူမိုက်ဗိုလ် ဒင်ပြည့်ဖြစ်သွား၏။ စားစာခံခြင်းကြောင့်လည်းကောင်း၊ ဗိုလ်လုပွဲ၌ အောင်ခြင်းကြောင့်လည်းကောင်း၊ ကမိုးရားသင်းကြီးရှေ့၌ ထင်ရှားသော နမူနာပြမှုကြောင့်လည်းကောင်း ဒင်ပြည့်လူမိုက်ဗိုလ်ဖြစ်မှု ကို အသင်း ပွဲကြီးလမ်းကြီးပေး၍ ဗိုလ်အဖြစ် အသိအမှတ်ပြု၏။

ကမိုးရားဗိုလ်အဖြစ်ဖြင့် အသိအမှတ်ပြုပုံမှာ ကမိုးရားသင်းဗိုလ်များ သည် စားပွဲဝိုင်းတစ်ခု၌ ဝိုင်းထိုင်ကြ၏။ ကမိုးရား ဗိုလ်မှူး ပြုလုပ်သူက စားပွဲပေါ်၌ ထက်မြသော စားမြှောင်တစ်လက်၊ ယမ်းထိုးပြီးသား သေနတ်

mgyoe.com

mgyoe.com


တစ်လက်၊ အဆိပ်ထည့်ထားသော ဝိုင်အရက်တစ်ခွက် တင်ထား၏။ ဗိုလ်ရာထူးသိမ်းပိုက်မည့် ကမိုးရား အသင်းဝင် အခန်းထဲဝင်လာသော အခါ ရှိရင်းစွဲဗိုလ်များက သူ့အား စူးစိုက်ကြည့်၏။ ဗိုလ်မှူးက ဗိုလ်ဖြစ်မည့် ကမိုးရား လက်မောင်းသွေးကြောကို အပ်ရှည်ကြီးနှင့် ဖောက်လေ၏။ သွေးများ ပေလိမ်းကျံသော လက်ကြီးမြှောက်ကာ ကမိုးရားသင်း အစဉ်အလာ ထုံးတမ်းစည်းမျဉ်းထမ်းပါမည်ဟု သစ္စာဆိုရ၏။ ထို့နောက် ဗိုလ်မှူးက အဆိပ်ပါ ဝိုင်ခွက်ကို ဗိုလ်သစ်ပါးစပ် တေ့ပေးလေ၏။ သေနတ်ကို မောင်းတင်ကာ ဗိုလ်သစ်ခေါင်း ကပ်ချိန်ထား၏။ ဓားမြှောင်ကို ရင်ညွှန့် ကပ်တေ့ထား၏။ ဗိုလ်မှူးက အဆိပ်ခွက် သေနတ်ကို ဓားမြှောင်ဖြင့် အဆုံးစီရင်ရန် ပြင်ဆင်တိုင်း ဗိုလ်သစ်က အသင်းအတွက် အသက်ကို ပန်းတစ်ပွင့်မျှ မနှမြောကြောင်း ခိုင်လုံစွာ ဟန်အမူအရာ ပြသရ၏။ ခေါင်းဆောင်စေတိုင်း မဆိုင်းမတွ စီရင်ပြုကျင့်ပါမည်ဟု အရိပ်အယောင် ပြရ၏။ ထိုနောက် ဗိုလ်မှူး ခြေရင်း ဒူးထောက်စဉ် ဗိုလ်မှူးက အဆိပ်ခွက်ကို မြေပြင်ရိုက်ခွဲ လွှင့်ပစ် လိုက်၏။ ယမ်းထိုးထားသော သေနတ်တို့ကို ကောင်းကင်ပစ်ဖောက်လိုက်၏။ ဓားမြှောင်ကို ဒူးထောက်နေသော ဗိုလ်သစ်ခါးကြားထိုးပြီးမှ နုတ်ယူလိုက်ပြီးလျှင် ဓားမြှောင် အိမ်လွတ်တစ်ခုတွင်ထည့်၏။ ဓားမြှောင်ကို တစ်ဖန် ဗိုလ်သစ်အား စိတ်ချယုံကြည်ပါသည်ပြသော လက္ခဏာဖြင့် ပြန်ပေးလိုက်၏။

ကမိုးရစ်ဆတား လူမိုက်၏ လက်စွဲလက်နက်မှာ ဓားမြှောင်ထက်ထက်ပင်ဖြစ်၏။ ကမိုးရားသင်းဝင်ကိုင် ဓားမြှောင်သည် လေးလက်မရှည်လျား၏။ အသွားပြား၍ ကောက်၏။ အဖျားချွန်စူး၏။ ရံဖန်ရံခါ လေ့ကျင့်ခန်း၊ ဓားမြှောင်ချင်း ယှဉ်ထိုးခုတ်သတ်မှုများ ကျင်းပကြ၏။ လေ့ကျင့်ခန်း ဝင်သတ်သူများသည် တစ်ယောက်နှင့် တစ်ယောက် အသေမထိုးသတ်သော်လည်း သွေးထွက်သည်နှင့် သတ်မှုရပ်စဲ၏။ ထို

mgyoe.com

mgyoe.com


နောက် တစ်ယောက်နှင့် တစ်ယောက် ဖက်ယမ်းနမ်းရှုပ်၏။ (မြန်မာလက်ဖွဲ့ပွဲ၌ သွေးထွက်လျှင် ရှုံးစတမ်းဟု ထုံးစံထားကြ၏) ကမိုးရားသင်း၏ "ဗန်း" စကားအဘိဓာန်မှာ ဝေါဟာရ လုံးရေ ၅၀၀၀ ကျော်ရှိ၏။

၁၈၅၀–၁၈၆၀ ခုနှစ်များ၌ ကမိုးရားသင်းသည် ရာဇဝတ်မှုများကို တွင်တွင်ကြီး ကျူးလွန်သည်သာမက နိုင်ငံရေး–လူမျိုးရေးများ၌ ဝင်ရောက်စွက်ဖက်လေ့ရှိ၏။ တိုင်းပြည်လုပ်ကြံသူများသည် ကမိုးရားသင်းအကူအညီတောင်းခံ၏။ ကမိုးရားသင်းကလည်း လိုဘပြည့်သည်နှင့် ကန့်ပစ်လေ့ရှိ၏။ ၁၈၆၀ ပြည့်နှစ်မှာ ကမိုးရားသင်းအကူအညီဖြင့် တိုင်းပြည် လုပ်ကြံသူ–သူပုန်များသည် အီတလီပြည့်ရှင် (ဒုတိယ၊ ဖရန်စစ်မင်းထံမှ အုပ်ချုပ်ရေးသစ် တောင်းဆိုရရှိသွားဖူး၏။ ထိုအခါ ကမိုးရားသင်းတောင်းချက်အရ အီတလီ–နေပဲလ်ရှိ ထောင်များဖွင့်၍ ကမိုးရားသင်းဝင် ထောင်သားလူမိုက်များ၊ ထောင်များမှ ဒလဟောလွှတ်ပစ်လိုက်၏။ တိုင်းပြည်ဆူပွက်၍ ဆင်းရဲသားများ အရေးပေါ်သောအခါများ၌ နေပဲလ်ပုလိပ်သင်းကြီးက ကမိုးရားအကူအညီဖြင့် ဓနမဲ့နင်းပြားများကို နှိမ်နင်းပစ်၏။ ထို့နောက် ကမိုးရားသင်းဝင် ကြေးစားလူမိုက်များကို အရံတပ်အဖြစ်ဖြင့် ခန့်ထားလေရာ နတ်ရှုးဘုံမြှောက်သည်ထက် ကဲသေး၏။ ကျားသေကို အသက်သွင်းမှားသူထုံးနှင့် တူတော့၏။ လွတ်လပ်ရေး ထွက်ရပ်ဗိုလ်ချုပ်ကြီး ဂရီဘော်လ်ဒီ ပေါ်ပေါက်လာမှ ကမိုးရားများသည် ရသေ့မွေးတဲ့ခွေး ခြသေ့်သို့ ခွေးဘဝ–မူလလူမိုက်ဘဝ ပြန်လည်ကျရောက်သွား၏။

ဘုရင်မြှောက်စားလင့်ကစား ကမိုးရား လျှို့ဝှက်သင်းများမှာ အကျင့်မဖျောက် ခွေးမြီးကောက် ကျည်တောက်စွပ်သဘောရောက်နေ၏။ အလုအယက်၊ အသတ်အဖြတ်၊ အလိမ်အကောက်ဝါသနာ မဖျောက်

mgyoe.com

mgyoe.com


ဘဲ နေကြ၏။ အရံတပ်–မြို့စောင့်တပ်အဖြစ်ဖြင့် ခန့်သည့်အခါများ၌ ကမိုးရားများမှာ တရားမဲ့ထင်သလို နိုင်ထက်ကလူ ပြုမူကြ၏။ သူခိုးလက်စားရိုးကမ်းဆိုသလို လူမိုက်လက်မှ တိုင်းပြည်အသက် ဝကွက်အပ်မိလေခြင်း။

ကမိုးရားသင်း ရမ်းကားလွန်းလှသဖြင့် ၁၈၆၂ ခုနှစ်၌ အစိုးရက အသင်းကို အရေးယူလေ၏။ ကမိုးရားသုတ်သင်ရေး စတင်လေ၏။ တစ်နေ့တည်း ကမိုးရား ၃၀၀ ကျော်ဖမ်းမိလေ၏။ သို့ရာတွင် မြန်မာပြည် ကုလားကြီးတက်စဉ်ကအတိုင်း ကမိုးရား တောပုန်းတောင်ပုန်းများကို နှစ်ပရိစ္ဆေဒများစွာယူ၍ နှိမ်နင်းပစ်ရ၏။ အီတလီယံ အမတ်ကြီး "ဘိုနယ်လီ" ကို ၁၇၇၀ ပြည့်နှစ် ကမိုးရားသတ်ဖြတ်ပစ်မှုကြောင့် နေပဲလ်နယ် ချိုကျိုး–နားရွက်ပဲ့ လူမိုက်လူဆိုး ကမိုးရား အငုတ်အရင်းများကို ရုံးတင်စစ်ဆေး၍ ပြစ်မှုထင်ရှားသူ ၅ ဦးအား တစ်သက်တစ်ကျွန်း ချလိုက်၏။

၁၈၈၀–၁၉၁၁ ခုနှစ်တိုင် ကမိုးရားသင်းမှာ တန်ခိုးမပြယ်သေးဘဲရှိ၏။ ကမိုးရားသင်း၌ ရှေ့နေ၊ တရားသူကြီး နိုင်ငံရေးသမား၊ ပါမောက္ခ၊ ကက်သိုလိက်အမတ်ကြီးများပင်ပါဝင်ကြောင်း၊ "ဂျပန်ပြည် နဂါးနက် အသင်းနှင့် တူလေသည်။"

၁၉၀၉ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့ ရက်စက်စွာပြုကျင့်လိုက်သော လူသတ်မှုတစ်မှုအတွက်ကြောင့် ကမိုးရားသင်း ပြုတ်ပြုတ်ပြုန်းရန် လမ်းစပေါ်လာ၏။ အမှုမှာ ဓားပြဗိုလ်လင်မယား သတ်ဖြတ်မှုဖြစ်၏။ ပုလိပ်ကလည်း "တို့နှင့်မဆိုင်" သဘောထားနှင့် အမှုကို ဂရုမပြုဘဲထား၏။ သို့ရာတွင် သေသူ ဓားပြဗိုလ်တပည့်များကား ကလဲ့စားချေပစ်ရန် အကြောင်းရှာ၏။ မြွေမြွေချင်း ခြေမြင်ပြီးသားဖြစ်၍ လူသတ်မှုဖြစ်ပွားစဉ် ညက ဤမည်ထိုမည်သော ကမိုးရားသင်းခေါင်းဆောင်များသည် လူသတ်မှုဖြစ်ပွားသောနေရာနား၌ ညစာစားကြောင်း၊ စာတစ်စောင်စီကုံး

mgyoe.com

mgyoe.com


၍ ပုလိပ်ထံသို့ လိုက်လေသတည်း။ ပုလိပ်များမှာ အခါအခွင့် တွေ့ချေပြီ။ အချက်ပေါ်ပြီ။ ချက်ကောင်းပိုင်လျှင် ကမိုးရားသင်း နာလန်မထူကြောင်းကို သိနားလည်လေ၏။ သတင်းပါ ကမိုးရား ခေါင်းဆောင်များကို ဖမ်းဆီးချုပ်နှောင်လိုက်၏။ ကမိုးရားသင်း၏ (လာလတ္တံ့သော) ခြေလှမ်းကို စောင့်ကြည့်၏။

ရဟန်းကြီး ဒွန်စီရီသည် ကမိုးရားသင်း ဦးစီးဦးကိုင်ဖြစ်ကြောင်း ပုလိပ်များသိလာ၏။ ဒွန်စီရီသည် အီတလီပြည့်ရှင် ဘုရင်၏ နန်းဦးဆရာတော်ဖြစ်၏။ အတိုင်ပင်ခံ ဘာသာရေးပညာရှိဖြစ်၏။ ဒွန်စီရီသည် မိမိ ရာထူးဌာနန္တရဂုဏ်ကို အလွဲသုံးစားလုပ်၏။ ပုလိပ်များကို မျက်စိသဲပက်၏။ ဒွန်စီရီသည် သူနေကျောင်းတိုက်ကြီးကို ကမိုးရားသင်း စည်းဝေးရာဌာနအဖြစ်ဖြင့် အသုံးချ၏။ ဒွန်စီရီသည် ကမိုးရားသင်း၏ အခါပေး ဦးပုညဖြစ်၏။ အစိုးရအယုံသွင်း၍ ကမိုးရားသင်းအားဖြည့်မှုပြုလုပ်၏။

သတင်းပေးချက်အရ ပုလိပ်များက နန်းဦးဆရာတော် ဒွန်စီရီကျောင်း ဝင်စီးလေ၏။ ကမိုးရားသင်းနှင့် စပ်လျဉ်းသော သက်သေခံစာမြောက်မြားစွာ တွေ့ရလေ၏။ အဖမ်းမခံရသေးသော ကမိုးရားခေါင်းဆောင်များက အနုအကြမ်းနည်းများဖြင့် ဒွန်စီရီ လွတ်မြောက်ရေးကြိုးပမ်းကြ၏။ အချည်းနှီးဖြစ်၏။ ပုလိပ်အဖို့ သက်သေခိုင်လုံသည်ထက် ခိုင်လုံလာ၏။ မယ့်အတတ်နှင့် မယ့်မှာစူး နုတ်လို့ ရနိုင်ဘူး ဆိုသကဲ့သို့ ဒွန်စီရီမှာ အခက်ကြုံတော့၏။ ကြောင်သူတော် ဖြစ်မှန်း မင်းပရိသတ်က သိလာ၏။ တိုင်းပြည်ကလည်း အားတက်လာကာ ကမိုးရားသင်း မိုက်ကြေးခွဲမှု ညှဉ်းပန်းမှုများကို ဟစ်တိုင်မှအန်ကြ၏။ သတင်းစာများကလည်း ကမိုးရားသင်း အမြစ်မှ နုတ်ပစ်ရန် ပုလိပ်ညွှဲဖျင်းချက်များ ဆော်ဩလာလေ၏။ အီတလီဘုရင် ဟမ်းဘတ်က

mgyoe.com

mgyoe.com


ပြည်ထဲရေးအမတ်နှင့် စစ်ဗိုလ်မှူးများခေါ်ကာ ကမိုးရားသင်း နှိမ်ပစ်ရန် အမိန့်ပေးလေ၏။ ပုလိပ်သားများမှာလည်း အလုပ်များသွား၏။ စားပြဗိုလ်သတ်မှုက အမျိုးသားပြဿနာကြီးဖြစ်နေ၏။ အမှိုက်က ပြာသာဒ်မီးလောင်လင့်ကစား၊ အမှိုက်သရိုက်လူ အလေးအမွှား ကြောင်သူတော်များ မီးတိုက်မှု ဖြစ်၏။

ဒွန်စီရိုမှု ရုံးတော်တင် စစ်သောအခါ ကမိုးရားသင်း အတွင်းရေးများ ပေါ်လေ၏။ ဒွန်စီရိုသည် သူတောင်းစား သူအိုလူမင်းမရှောင် မိုက်ကြေး ခွဲစားကြောင်း၊ သချိုင်းများအုပ်ချုပ်သူဖြစ်သဖြင့် သူဌေးဂူ အလောင်းများ တူးဖော်ဖွင့်လှစ်ကာ ရွှေငွေစိန်ကျောက် မြှုပ်ထားချက်များ သယ်ယူကြောင်း၊ ကမိုးရားလူမိုက်ဘုရင် ဘစ်ခ်ဟင်နရီနှင့်အတူ "သိုက်" အမျိုးမျိုးတူးပုံ၊ ဘုရားရှိခိုးကျောင်း အဖိုးတန်ပစ္စည်းများခိုးပုံ၊ အစိုးရလူယုံတော်ဖြစ်သဖြင့် အစိုးရပုလိပ်အတွင်းရေးများ ဖောက်သည်ချပုံ စသည်တို့သည် (တစ်သက်လုံးဖုံးသမျှ ကုန်းတော့မှ)ပေါ်လေသတည်း။

ဒွန်စီရို အမှုမှာ (၁၄) လမျှကြာမြင့်အောင် စစ်ဆေး၏။ ကမိုးရားအသင်းကလည်း ဒွန်စီရိုလွတ်ကျွတ်အောင် လုပ်ကြံကြ၏။ အထမမြောက်ချေ။ ကမိုးရားသင်း လူမိုက်ဘုရင် ဘစ်ခ်ဟင်နရီသည် အမေရိကန်ပြည် နယူးယောက်မြို့သို့ ထွက်ပြေးလေ၏။ သို့ရာတွင် အမေရိကန်အစိုးရ အီတလီပြည် ပြန်ပို့လိုက်၏။ ဘစ်ခ်ဟင်နရီနှင့် နောက်လိုက် ကမိုးရားဗိုလ် မြောက်မြားစွာပင် ထောင်ဒဏ်အပြစ် အနှစ် (၃၀) စီ ရသွားကြ၏။ ဒွန်စီရိုမှာ ကံအားလျော်စွာ ထောင်(၁၀)နှစ် ဆုရသွားလေ၏။

ကမိုးရားအသင်းမှာ ဒွန်စီရိုအမှုပြီးသည်မှစ၍ တက်မဲ့လှေ အထိန်းမရှိချည်ခင် ဖြစ်သဖြင့် တည်တည်တံ့တံ့ မရှိတော့ချေ။ အသင်းကြီးဖရိုဖရဲဖြစ်သွား၏။ အာဏာရှင် မူဆိုလီနီကလည်း 'သံလက်သီး'ဖြင့်

mgyoe.com

mgyoe.com


ဖိနှိပ်ခြေမွပစ်လိုက်၏။ အမေရိကန်ပြည်နေ အီတလီယံများသည် ကမိုးရားဆိုလျှင် ရင်တုန်အောင် ကြောက်ရွံ့ကြ၏။ သို့ရာတွင် အီတလီပြည် ကမိုးရား မရှိတော့ပြီ။ ခေတ်သစ်တက်လူများကလည်း မိုက်ရူးရဲမှုများကို စိတ်မဝင်စားတော့ပြီ။ ။

mgyoe.com

mgyoe.com

# (၃) စပိန် ကဒူးနားတောပုန်း

လောကကြီး၌ သူခိုးကြီးလျှင် ဓားပြဖြစ်၏။ ဓားပြကြီး တောပုန်း သူပုန် ဖြစ်၏။ သူပုန်ကြီးလျှင် မင်းဖြစ်၏။ ရာဇဝင်အစောင်စောင်က ထောက်ခံကြပေသည်။ ခေတ်သစ်၌ "ကြမ်းပိုးကြီးလျှင် ဟီးရိုးကွ" ဟူသော အစဉ်အလာတစ်ရပ်ပေါ်လာ၏။ အုတ်ကြားမြက်ပေါက်ဘဝမှ အာဏာရှင်ဖြစ်သွားသော ဟစ်တလာ၊ မူဆိုလီနီတို့ကို ရည်ညွှန်းသည်ဟု ယူဆရပါကြောင်း မီးကြီးမီးနိုင်၊ ရေကြီးရေနိုင်၊ ကြီးနိုင် ငယ်ညှဉ်းဆဲ ဝါဒသည် မျက်မှောက်ကမ္ဘာ့အာဏာပိုင်များ၏ လက်သုံးတရားကြီး ဖြစ်နေ၏။

"ဝိုင်းဟ–ဆီးဟ၊ ခုတ်ချပါတော့လား . . . ဟယ်ခေါင်းတစ်လုံးကွဲ့" . . .ဟူသော အသံအက်ကွဲကြီးများသည် တောအုပ်ကြီးများထဲမှ ပေါ်လာ၏။ တောပုန်းနှင့် ဘုရင့်တပ်သားများတွေ့ကြ "နောင်ဂျိန်" ဓာတ်ခင်းနေကြ၏။ ဘုရင့်ဘုန်း– မိုးသို့ချွန်း တောပုန်းမနေသာ စကားပုံတစ်ရပ် ပေါ်ပေးရသည်မဟုတ်ပါလော။

၁၅၈၉ ခုနှစ်၊ စပိန်ပြည်၌ ဖာဒီနန်ဘုရင်ကြီးစိုးမိုးစဉ်အခါက စပိန်ပြည်တစ်ခွင်၌ တောပုန်းဓားပြများ ပေါ်များ၏။ "မောသော" ခေတ်၏။ တိုင်းပြည်မှာ မငြိမ်မသက်ရှိတော့၏။ တောသူတောင်သား ဆင်းရဲသား

mgyoe.com

mgyoe.com


များမှာ အခွန်အကောက်ကြီးလေးသဖြင့် လူခွန်–မြေခွန်များ မပေးနိုင်။ မိမိတို့ တဲ၊ အိမ်၊ ခြံ၊ ကျွဲ၊ နွား၊ လယ် လေလံပစ်မှုကို လက်ပိုက်ကြည့်နေကြရ၏။ မင်းဒဏ်ခတ်လျှင် ငုံ့ခံနေကြရ၏။ တချို့တလေ အခွန်၊ လူမင်းတိုင်း မပေးနိုင်သူများက ကိုယ်လွတ်ထွက်ပြေး၍ တောပုန်းဖြစ်သွားကြ၏။ တချို့က မင်းလုလင်များသတ်ဖြတ်၍ သူပုန်ဘွဲ့ခံကြ၏။ (မြန်မာပြည်၌–ဂဠုန်ထသည်နှင့် အလားတူ၏။) ရှိရင်းစွဲ တောပုန်းသူပုန်များမှာ တစ်နေ့တခြား အလုံးအရင်း ကြီးမားတောင့်တင်းလာ၏။ တောပုန်းများမှာ မကြာခဏ ပုန်းကွယ်ရာမှ ထွက်၍ မင်းမှုထမ်းများကို တိုက်ခိုက်သတ်ဖြတ်လေ၏။ ဘုရင့်တပ်မတော်ကြီးသည် သူပုန်ရန်နှိမ်ရန် ရာဇဌာနီမှထွက်ခွာသွားရ၏။ ဘုရင့်တပ်မတော်ကြီး ရှေးရှုလာသောအခါ တောပုန်းသူပုန်များသည် ဆင်းရဲသား ကျေးတော်မျိုး ကျွန်တော်မျိုးဘဝကူးပြောင်းကာ ရုပ်ဖျက် ရယ်မောနေကြ၏။ သို့ရာတွင် ဘုရင့်စော်ကားချက်၊ အဓမ္မ အခွန်တောင်းခံမှုများကို သည်းမခံနိုင်၍ မျိုးချစ်စိတ်ရှိသော တောသူတောင်သားများနှင့် တောပုန်းများသည် ဆိတ်ကွယ်ရာ အရပ်၌တွေ့ဆုံ၍ သွေးညိုကြလေ၏။ ကိုယ့်မင်း ကိုယ့်ချင်း တောပုန်းတပ်များပေါ်လာ၏။ ဤသည်မှစ၍ ကဒူးနားတောပုန်းများပေါ်လာလေသတည်း။

ဖာဒီနန်ဘုရင်ကြီး နန်းမတက်မီကပင် စပိန်ပြည်၌ တောပုန်းများသောင်းကျန်းလေ့ရှိ၏။ တောပုန်းများသည် ရိုမင်ကက်သလစ် ဘုန်းတော်ကြီးများ အကူအညီဖြင့် ဂိုဏ်းကွဲ၊ ဘာသာကွဲ၊ ဂျူးရဟူဒီလူမျိုးနှင့် မိုးလူမျိုးအိမ်ရာများ ဖျက်ဆီးတိုက်ခိုက် လုယက်လေ့ရှိ၏။ ရဟူဒီနှင့် မိုးသုတ်သင်ရေး၌ တောပုန်း လူဆိုး လူမိုက် တန်ဖိုးတက်လာ၏။ အယူသီးသော ရိုမင်ကက်သလစ်ဘုရင် နန်းတက်သောအခါ ဘုရင့်အလိုပြည့်ရန်အတွက် ဆောင်ရွက်သူများ၊ မျိုးမည်ဇာတိမကြည့် ကိစ္စပြီး ပြီး

mgyoe.com

mgyoe.com


ရှော့ သဘောနှင့် ပေါက်သောက် သူခိုးဓားပြ တောပုန်းများ အသုံးချ၏။

ကဒူးနားတောပုန်းတပ် အဖွဲ့အသင်းပေါ်လာသောအခါ ဘာသာကွဲ၊ ဂိုဏ်းကွဲ သုတ်သင်ရေး ရိုမင်ကက်သလစ်ဘာသာခုံအဖွဲ့သည် ရဟူဒီ ပရိုတက်စတင့်၊ မိုးလူမျိုးများသုတ်သင်ရန် ကဒူးနားကို လက်ကိုင်ပြု၏။ ကဒူးနားမှာ တစ်နည်းအားဖြင့် ဘာသာရေးသူသတ်အဖွဲ့ဖြစ်သွား၏။ မင်း၊ မှူးမတ်၊ ဆရာတော်ကြီးများ မျက်စိမှိတ်နေသဖြင့် ကဒူးနားများမှာ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို အခမ္မကျင့်ကောင်း၏။ ဘာသာကွဲ ဂိုဏ်းကွဲများ သုတ်သင်မောင်းနှင်ပစ်သည်သာမက သူတို့ဥစ္စာပစ္စည်းများကိုလည်း လက်ရသိမ်းပိုက် ခွဲဝေစားသောက်ကြ၏။

စပိန်ပြည် ဆယ်ဗီလ်နေရာဌာနၥ် ကဒူးနားတောပုန်းဌာနချုပ်ရုံးတည်၏ (တောပုန်းများမဟုတ်တော့ဘဲ ဘာသာရေးလူစွမ်းကောင်းကြီးများဖြစ်နေသည်တမုံ့) ကဒူးနားအသင်းကြီး၌ လျှို့ဝှက်သောအသင်းတံဆိပ်၊ အမှတ်သညာ၊ စာပေးစာယူ၊ စကားနှင့် အသင်းဝင်သဘင်အခမ်းအနားများရှိ၏။ စည်းကမ်းကြီးလွန်းသဖြင့် သာမန်တောပုန်း၊ ဓားပြ သူပုန်အဖွဲ့များသည် ကဒူးနားရှေ့တွင် နေအလာနှင်းပျောက်သကဲ့သို့ ပျောက်သွားကြရကုန်သတည်း။ ရာဇဝတ်မှုကျူးလွန်ရာ၌ စနစ်ကျနလှ၏။ မြို့ရွာထဲ၌ သူတောင်းစား သူခိုးသူဝှက်များသည် အသင်းကြီး၏ အမိန့်မရဘဲနှင့် တောင်းစား၊ ခိုးဝှက်ခြင်း မပြုလုပ်ရချေ။ စပိန်တစ်ပြည်လုံးရှိ ရာဇဝတ်ကောင်များကို ကဒူးနားက ကြိုးဆွဲ၏။ ဓားပြ လူဆိုးက ကဒူးနားကို "တစ်ပွဲစား"အနေနှင့် အခွန်ဘဏ္ဍာ၊ အမြတ်တော်ကြေး ပူဇော်ပသ,ဆက်သကြရရှာလေသည်။

မင်း၊ ရဟန်း ဘာသာရေးလုပ်ငန်းများနှင့် ကဒူးနားအသင်း ဆက်ဆံလင့်ကစား ဇာတိမစွန့်၊ ကဒူးနားမှာ ရာဇဝတ်မှုအမျိုးမျိုး ကျူးလွန်သောအသင်းသာတည်း။ ငွေပေးခိုင်းလျှင် ဘာမဆိုပြုလုပ်လေ့ရှိ၏။

mgyoe.com

mgyoe.com


ကဒူးနားအသင်းကြီး၌ အသင်းဝင်အမျိုးအစား ဆူကြဲနိမ့်မြင့် ၉ မျိုး ရှိ၏။ "ဆိတ်"ကလေးများခေါ် အသင်းဝင်ခါစ လူသစ်များသည် အသင်း၏ အောက်ခြေသိမ်းအသေးအဖွဲ့အလုပ်များ လုပ်ကြရ၏။ သူတို့သည် အချင်းချင်း နေ့အခါ ခွေးဟောင်သောအသံဖြင့် အချက်ပေးကြ၏။ ညအခါ ဖား၊ ပုရစ်၊ ကြောင်၊ ဇီးကွက်အော်သံများဖြင့် အချက်ပေးကြ၏။ (အဖုံးအကွယ်)ခေါ် ကဒူးနားသင်းဝင် မိန်းမကြီးများသည် အိမ်ကြီးရခိုင်များ၌ အစေခံ စသဖြင့် ပြုလုပ်ကာ အထောက်တော်များအဖြစ်ဖြင့် အသုံးခံကြ၏။ "နတ်သမီး"ခေါ် ကဒူးနားသင်းဝင် မိန်းမချောကလေးများက "တည်ကြက်" "အောင်းမ" သဘောဖြင့် အသင်းကြီးအကျိုးဆောင်ရွက်၏။ အသင်းရန်သူများကို ချောက်တွန်းချ၏။ စပိန်ပြည် မြို့များရှိ ဘုရားရှိခိုးကျောင်းများနှင့် လမ်းများ၌ လူးလာဆန်ခတ်သွားနေကြသော ခေါင်းဖြူးဖွယ်ကျိုး လူအိုလူမင်းများတွေ့ရှိကြ၏။ သူတို့မှာ ကဒူးနား အထောက်တော်တစ်မျိုးဖြစ်၏။ ကဒူးနား ခေါင်းဆောင်များနားသို့ လေသံကလေးဖြင့် သတင်းပေးခြင်းကြောင့် ဘယ်လိုးဆိပ်ဟု လူအိုများကို မှည့်ခေါ်ကြ၏။ "ကျန်းမာရေးလိုက်စားသူများ" ခေါ် ကဒူးနားများသည် လက်ရွေးစင်လူသတ်ယောကျ်ားများ ဖြစ်ကြ၏။ ကဒူးနားအရေးတော်ပုံများကို စီမံကွပ်ကဲရသော ဗိုလ်ချုပ်များရှိ၏။ သူတို့တစ်စုမှာ သူရဲကောင်းများဖြစ်ကြ၏။ စားရေး၌ လိမ္မာကျွမ်းကျင်ကြ၏။ ကဒူးနားသင်း၏ အဆင့်အတန်း အမြင့်ဆုံးမှာ (ဂရင်းမာစတာ) ခေါ် သခင်ကြီး သို့မဟုတ် ဗိုလ်မှူးကြီးပင်ဖြစ်၏။ ဗိုလ်မှူးကြီး လက်အောက်၌ နယ်စီးဗိုလ် သို့မဟုတ် ခေါင်းဆောင်များရှိသေး၏။ (ပေါင်း ကဒူးနားအသင်းဝင် အမျိုးအစား အဆင့်တန်း ၉ မျိုးတည်း။)

ကဒူးနားသင်းမှာ မိုက်ကြေးခွဲစား၏။ ရာဇဝတ်မှုကျူးလွန်စား၏။ ခိုးဂုက်တိုက်ခိုက်ရသမျှပေါ်၌ အမြတ်တော်ကြေးခွဲယူ၏။ ခိုးမှုတိုက်မှုကို

mgyoe.com

mgyoe.com


ဝမ်းရေးပညာအဖြစ်ဖြင့် အသိမှတ်ပြု၏။ ကဒ္ဒူးနားသင်းဝင်တိုင်း "မဒေါ်နား ဘာသာရေးပူဇော်မှုအတွက်" ဆက်ကြေးငွေပေးရ၏။

ကဒ္ဒူးနားများသည် ဆယ်ဗီလ်မြို့ ဌာနချုပ်မှတစ်ဖန် ဘာစီလိုနာ၊ ကော်ဒိုဗာ၊ တိုလီဒို စသော မြို့ကြီးများ၌ ကဒ္ဒူးနားသင်းခွဲများဖွင့်ထား၏။ တချို့ ကဒ္ဒူးနားအသင်းများမှာ (လျှို့ဝှက်သင်းဆိုလင့်ကစား) ခမ်းခမ်းနားနားကြီးရှိလှ၏။ ဘုရင့်နန်းတော်အဆောင်နှင့်မခြား ချယ်လှယ်မွမ်းမံထားသောအသင်း စည်းဝေးခန်းများရှိကြ၏။ ပေ ၃၀ နက်သောမြေကြီးအောက်၌ လှပသောကျောက်ဖြူခင်း၊ ဖန်မိုးကာ ရေတွင်းရေကန်ပန်းမန်ဥယျာဉ်ဖြင့် တန်ဆာဆင်ထားသော အသင်းရုံ ဘုံဗိမာန်များရှိကြောင်း ပြောကြ၏။ ကဒ္ဒူးနားသင်းသည် ချမ်းသာကြွယ်ဝ၏။ အသင်းခန်းများကို ခမ်းနားစွာ ထားနိုင်မှုမှာ ငွေတန်ခိုးကြောင့်ပင်ဖြစ်၏။

ကဒ္ဒူးနားသင်းသည် အရေးပါသော ကိစ္စကြီးများကို မော်ကွန်းသမိုင်းသဖွယ် ရေးသားထား၏။ အဖေမှ သားတစ်ဆင့်လက်ကူးကာ ရေးသားသွား၏။ ၁၈၂၁ ခုနှစ်၌ ကဒ္ဒူးနားအသင်းအကြောင်း သမိုင်းရာဇဝင်စာတမ်းများကို အစိုးရသိမ်းဆည်းသွား၍ ကဒ္ဒူးနားအတွင်းရေးများ ပေါက်ကြားသွား၏။ ကဒ္ဒူးနားသင်း အနှစ် ၃၀၀ အထိမ်းအမှတ်ပွဲကျင်းပစဉ် အစိုးရဖျက်မှု ခံရလေ၏။ ကဒ္ဒူးနားဗိုလ်မှူးအိမ်ကို ဘုရင့်တပ်သားများ ဝိုင်းဝင်စီး၏။ ဖာဒီနန်ဘုရင်လက်ထက် ထက်ပင်(အစိုးရ) အရေးသာ၏။ ကဒ္ဒူးနားသင်းကို တောတောင်နင်းရှာဖွေ၍ အမြစ်အငုတ်မကျန် သုတ်သင်ရှင်းလင်းပစ်၏။ ဆယ်ဗီလ်မြို့ စစ်ရုံးက ထုံးစံအတိုင်း စီရင်ပစ်၏။ ၁၈၂၂ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် (နောက်ဆုံး) ကဒ္ဒူးနား ဗိုလ်မှူးခေါင်းဆောင်ကြီးနှင့် နယ်စီးဗိုလ် ၁၆ ဦးကို (ဆယ်ဗီလ်ဈေးရှေ့၌) ရင်ခွဲ ကားတင်လိုက်လေသတည်း။ ။

mgyoe.com

mgyoe.com

## (၄) ကုလား-သတ်ဂ်-လူသတ်

လူသတ်မှုမြောက်မြားစွာ မသိမသာ ကျူးလွန်သောအသင်းကို လျှို့ဝှက်သင်းဟု ခေါ်လိုက်၏။ ထိုအသင်းတည်ရာ ပင်ရင်းသည် ထင်ထင်ရှားရှား မရှိပါက လျှို့ဝှက်သင်းအင်္ဂါနှင့် ဆီလျော်သည်ဟု ဆိုကြပေမည်။ လူတစ်ယောက်သည် လူ ၆၀၀ ကျော် သတ်ဖြတ်၏။ သူသတ်မှန်း "အိမ်က ရင်းနှီးသူများ"ပင် မသိ။ ဖော်ပြောမှသိရှိရ၏။ အကြင်သူသတ် ပါဝင်သော အသင်းအဖွဲ့အစည်းသည် လျှို့ဝှက်သင်းမဟုတ်ပါလော။

အိန္ဒိယပြည်၊ ကုလားပြည်နိုင်ငံ၌ သတ်ဂ်ခေါ် သူသတ်သင်းပေါ်ပေါက်ခဲ့၏။ ဗြိတိသျှအာဏာပိုင်များက ပထမ ကနဦး၌ ထိုအသင်းရှိကြောင်း မယုံကြည်ချေ။ ကုလားပြည်တွင် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော သူသတ်သင်း မပေါ်နိုင်ဟု တထစ်ချ အစွဲအလမ်းကြီးနှင့် ပြောကြလင့်ကစား သက်သေသာဓကေ စုံလင်စွာနှင့် မျက်မြင်ကိုယ်တွေ့ဖြစ်ကြသောအခါ အံ့သြကြလေသည်။

သတ်ဂ်အသင်းသည် ရာဇဝတ်မှုများကို တွင်တွင်ကြီး ကျူးလွန်သော အဖွဲ့အစည်းဖြစ်၏။ ဂေါလီ၊ သို့မဟုတ် ကာလကဏ္ဍီခေါ်

mgyoe.com

mgyoe.com


ကြမ်းကြုတ်ခက်ထန်သော ယဇ်နတ်ဘုရားမကို သတ်ဂ်များ ကိုးကွယ်ကြ၏။ ကာလီနာမည်ဖြင့် လူသတ်၏ မဟာမေဒင်များသည် 'အလာ'ဟု ဘုရားတကာ နွားလည်လိုးသည် ဆိုကြ၏။ ကာလီနတ်သည် "ရှိဗ" နတ်၏ ဇနီးသည်ဖြစ်၏။ (ဟိန္ဒူဘုရားသုံးမျိုးရှိ၏၊ ကမ္ဘာတည်ဆောက်ပေးသူ "ဗြဟ္မဏ" "ဘရာမ"၊ ကမ္ဘာတည်တည်တံ့တံ့ဖြစ်အောင် ထိန်းသိမ်းသူ "ဗစ်ရှနူး"၊ ကမ္ဘာဖျက်သူ "ကာလီ"တို့ဖြစ်သည်ဟု ဖတ်ရှုရလေသည်။)

သတ်ဂ်တို့က "ဖျက်ဆီးမှု"သည် ဘာသာရေးလုပ်ငန်းဟု ထင်မှတ်ကြ၏။ ကာလီနတ်ဝါဒဖြန့်ဖြူး၏။ သတ်ဖြတ် လုယက်ဖျက်ဆီးရသော ပစ္စည်းများမှ "လက်ဦးလက်ဖျား"များကို ကာလီနတ် ယဇ်ပူဇော်ပသလိုက်လျှင် "ငရဲမကြီး"ဟု ယူဆကြ၏။ ဤဘာသာရေး သို့မဟုတ် ယဇ်ပူဇော်ရေး စိတ်ဓာတ်၊ သို့မဟုတ် ကာလီနတ်ကိုးရေးဝါဒကြောင့် သတ်ဂ်အသင်းမှာ နှစ်ကြာမြင့်စွာ စည်းရုံးတည်တံ့နေ၏။

သတ်ဂ်အသင်းသည် ခရစ်နှစ် ၁၃ဝဝ ပြည့်နှစ်လောက်က စတင်၍ (ကုလားပြည်၌) ပေါ်သည်။ ပါရှင်း တောင်ပုန်းသူသတ် ("တောင်ပေါ်က လူအိုကြီးများ" ရှေ့အခန်း၌ အကျယ်ဖော်ပြထားသည်) အချို့သည် ပါရှားပြည်တောင်ပေါ်မှဆင်း၍ ကုလားပြည်ဘက် ကူးလာရာမှ တစ်ဆင့်တစ်ဆင့် ကာလီနတ် ကိုးကွယ်ပြီးလျှင် သတ်ဂ်အသင်းအဖွဲ့စတည်ဖြစ်သည် ယူဆကြကုန်၏။ ၁၃ဝဝ မှ ၁၈ဝဝ ခုနှစ်တိုင် (အနှစ် ၆ဝဝ တိုင်) သတ်ဂ် သူသတ်သင်း တန်ခိုးကြီးခဲ့၏။

သတ်ဂ်အသင်းဌာနချုပ်တည်ရာမသိ၊ ဘယ်သူဘယ်ဝါသည် အသင်းသားမှန်းမသိ၊ လူသတ်မှုဖြစ်မှ လူသေအခြေအနေကြည့်ပြီးလျှင် (လည်ပင်းညှစ်သတ်ပါက)သတ်ဂ်လက်ချက်ပဲဟု ဆုံးဖြတ်လေ့ရှိ၏။ ကုလားပြည်သို့ ချဉ်းနင်းဝင်ရောက်လွှမ်းမိုးသော ဗြိတိသျှအာဏာပိုင်

mgyoe.com

mgyoe.com


တို့မှာ သတ်ဂ်အသင်းပေါ်နေသည်ကို တဖြည်းဖြည်း ယုံကြည်လာ၍ အမြစ်မှဖြိုရန် အားထုတ်ကြကုန်၏။

၁၇၉၉ ခုနှစ်၌ သတ်ဂ်သင်း သုတ်သင်ရေး အရေးတော်ပုံစလေ၏။ ဤနှစ်မှပင် ဗြိတိသျှအထောက်တော်များက သတ်ဂ်သင်း ပုံသေကား ကျရှိကြောင်း အစီရင်ခံလေသည်။

သတ်ဂ်သင်း အင်အားထွားကျိုင်းလာပုံမှာ ဗြိတိသျှအမှုတော်ထမ်း ကုလားစစ်သားများသည် တပ်ဖျက်ပစ်ခြင်းကြောင့်လည်းကောင်း၊ သို့မဟုတ် အခွင့်နှင့် အိမ်ပြန်ခြင်းကြောင့်လည်းကောင်း၊ စစ်တပ်မှ ထွက်ပြေးသော်လည်းကောင်း၊ အဆွယ်ကောင်း၍ သတ်ဂ်သင်းထဲ အများအပြားပင် ဝင်ရောက်ကြကုန်၏။ သွေးထွက်သံယိုမှုလိုလားသော ကာလီနတ်ဝါဒနှင့် စစ်ပြန် "စစ်ထွက်"တို့စိတ်သည် တိုက်ဆိုင်သည်သာများ၏။ တချို့ 'စစ်ပြေး' များက သတ်ဂ်သင်း ဦးစီး၍ ဗြိတိသျှအား "မှုံဆံ" ပုန်ကန်ရန် အကြံပြု၏။ သတ်ဂတ်သင်းသည် ငွေကြေးတောင့်တင်း၍ မွဲသောစစ်သားများကို အသင်းသားအဖြစ်သို့ ငွေနှင့်ပုံဝယ်ယူလေ၏။ သတ်ဂ်များသည် တစ်နေရာမှတစ်နေရာ ရုပ်ဖျက်သွား၏။ လူစုခွဲသွား၏။ ကုန်သည်ယောင် စစ်သား(တပ်ပြောင်းသူ)ယောင်ဆောင်သွား၍ အစိုးရများ ဘယ်သူဘယ်ဝါမှန်းမသိဘဲ ဝါးတားတားဖြစ်နေ၏။

၁၈၂၆ ခုနှစ်၌ သတ်ဂ်သင်းရှိမှန်းသိ၍ အနှစ် ၂၇ နှစ်မြောက်အခါ ကာလ၌ ဗြိတိသျှပိုင်နက် ကုလားပြည်၌ သတ်ဂ်သူသတ်များ ၁၀,၀၀၀ ကျော်ရှိကြောင်း၊ လူသတ်တစ်ယောက်လျှင် ရာဇဝတ်မှု ၃ မှု ကျူးလွန်ဖူးကြောင်း သတင်းမှာ ဗြိတိသျှအာဏာပိုင်နား ပေါက်သွားလေ၏။ သတ်ဂ်သူသတ်သင်းသုတ်သင်ရန်အတွက် အစိုးရက အထူးဌာနတစ်ရပ် ဖွင့်လှစ်ထားရ၏။ ကုလားပြည်အလယ်ပိုင် းဂျပ်ဖဲလ်ပိုနယ်မှာပင်လျှင် သတ်ဂ်သူသတ်ပေါင်း ၂,၀၀၀ ကျော် ဖမ်းဆီးလိုက်၏။ ထောင်များမှာ

mgyoe.com

mgyoe.com


သူသတ်များဖြင့် ပြည့်ကျပ်နေ၏။ ၁၈၃၅ ခုနှစ်၌ သတ်ဂ်သူသတ်သင်းကို ဗြိတိသျှအစိုးရက ကိစ္စတုံးဖြိုဖျက်ပစ်လိုက်၏။

ထောင်ထဲ၌ သတ်ဂ်များကို အစိုးရက ထောင်ကျောင်းဖွင့်ပေး၏။ မျက်စိဖွင့်ပေး၍ ထောင်ထွက် သတ်ဂ်များသည် လူကောင်းသူကောင်းများဖြစ်သွားကြ၏။

သတ်ဂ်သင်းသားအချို့သည် မိုက်ကြေးခွဲစားကြ၏။ မြေပိုင်ရှင်သူဋ္ဌေး ဇာမင်ဒါးကြီးများထံမှ "ဒရဝမ်"စောင့်ခ၊ ကာကွယ်ခတောင်းစားကြ၏။ တချို့နေရာများ၌ "အထုပ်ထုပ်မိ"သောသတ်ဂ်များ လူပါးဝ၍ ဇာမင်ဒါးမြေပိုင်ရှင်ကြီးများဖြစ်သွားကြ၏။

သတ်ဂ်သင်းထဲ၌ ဟိန္ဒူရော၊ မူဆလင်ရော၊ ပသီရော၊ အုတ်အရောရော၊ ကျောက်အရောရောပါဝင်ကြ၏။ အသင်းမှာ ဘာသာရေး "ဆန်"၏။ လျှို့ဝှက်သောအသင်း အမှတ်သညာများရှိ၏။ ကာလီနတ်အတွက် ယဇ်ပူဇော်ရေး ငွေရရန်လူသတ်မှု ကျူးလွန်လျှင် "နတ်ပြည်"ရောက်မည် တွေးထင်ကြသဖြင့် သတ်ဂ်အယူသီးမှုကို ထောင်ပိုင်၊ ထောင်မှူး၊ အစိုးရ၊ ပုလိပ်များပင်အံ့သြ၏။ လူ ၁၅၀ ကျော်သတ်သော သတ်ဂ် သူသတ်အကျဉ်းသမားတစ်ဦးအား အကြောင်းမသိပါက ပကတိ လူရိုး လူအဘုန်းကြီးလူထွက်လူတည်ဟု အမြင်အားဖြင့် ယူဆပေမည်။ ထိုသူသတ်သည် သူ့ကျူးလွန်မှုများကို ဘုရားဒကာ ကျောင်းဒကာပုဂ္ဂိုလ်များ စိတ်ထက်သန်စွာ ဘာသာရေး စကားပြောသကဲ့သို့ စိတ်ထက်သန်စွာ ပြောပြ၏။ ဘူးသီး၊ ခရမ်းသီး ခူးသကဲ့သို့ လူသတ်မှုကျူးလွန်မှု အကြောင်းပြောပြ၏။ သတ်ဂ်အဖို့မှာ လူတစ်ယောက်အသက်သည် ပုရွက်ဆိတ်တစ်ကောင် အသက်လောက် အဖိုးမတန်ချေ။

စက်တိုင် တက်သွားကြသော သတ်ဂ်သူသတ်များသည် ရဲရဲဝံ့ဝံ့ ပျော်ရွှင်စွာနှင့် စက်တိုင်တက်ကြ၏။ "ငါတို့ ကာလီနတ်မခြေရင်းဝယ်

mgyoe.com

mgyoe.com


နဖူးတွေ့ ဝပ်စင်းရတော့မယ်၊ ငါတို့ကျွတ်ပြီလွတ်ပြီ ငါတို့ကောင်းရာ မွန်ရာရောက်တော့မယ်"ဟု တွေးထင်ကာ သေမင်းအား ရင်ဆိုင်ကြ၏။ သို့ရာတွင် သေနတ်နှင့်ပစ်သေရမှု၊ ဓားနှင့်ခုတ်သေရမှုများကို သတ်ဂ်များ မလိုလားဘဲ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်း၊ ဆွဲကြိုးချသေခြင်း၊ ကြိုးတိုင်တက်ခြင်းကို လိုလားကြ၏။ [သတ်ဂ်များလူသတ်မှု ကျူးလွန်သောအခါများ၌ ဓားနှင့်သေနတ်မသုံး၊ သွေးမထွက်အောင် အသေသတ်၏။ ဥပမာ အမဲကို လည်ပင်းကြိုးတမ် သတ်၏။ လည်ပင်းညှစ်သတ်၏။ ရေနှစ်သတ်၏။ တုတ်နှင့် ရိုက်သတ်ရာ၌ အတွင်းကြေ ကြေသေအောင် ရိုက်သတ်၏။] အဘယ်ကြောင့်နည်း၊ အဘယ်ကြောင့် သွေးထွက်မှာ ကြောက်ရပါသနည်း။ သတ်ဂ်ကိုးကွယ်သော အစဉ်အလာတစ်ရပ်ရှိ၏။ ကာလီနတ်မ ခင်ပွန်းသည် "ဇစ်ရှနူး" နတ်ကြီး ဩဝါဒမှာ သွေးပန်းထွက်သောနေရာ သွေးမြေကျလျှင် ဘဝသစ်ပေါ်လာ၏။ သွေးတစ်စက်သည် အသက်တစ်ချောင်းဖြစ်၏။ . . . ဤသည်နှင့် စပ်လျဉ်း၍ သတ်ဂ်များသည် သူသတ်သည့်နေရာ၌ သွေးထွက်အောင် မသတ်၊ (လက်ဖြင့်လည်းကောင်း၊ ကြိုးဖြင့်လည်းကောင်း) လည်ပင်းညှစ်သတ်၏။

ကာလီနတ်မကလည်း နိမိတ်ဖတ်ခြင်း၊ ရှေးဖြစ်ဟောခြင်း၊ (ဗီလီနတ်အဖြစ်ဖြင့် ပြည်ရေးပြည်ရာ ပူးကပ်ဟောခြင်း) များဖြင့် အားပေးသည်ဟု ဆိုကြ၏။ သတ်ဂ်တို့သည် နိမိတ်ဖတ်၊ သိုက် တဘောင်၊ ဘဝေါ၊ စနည်း ဟောပြောရွတ်ဖတ်ခြင်းများကို သုံးသပ်လေ့လာကြ၏။ ငှက်အော်ခြင်း တိတ္ထုံဖတ်ခြင်း၌ ကျက်စားကြ၏။ ကာလီနတ်ပွဲလှည့်စဉ် မြို့ထဲ တိရစ္ဆာန်များသည် လမ်းပေါ်၌ ဝဲဘက်မှ ယာဘက်ကူးလာသည်ကို ပွဲလှည့်သူမြင်လျှင် ယဇ်ပူဇော်ခြင်းရပ်စဲကြ၏။ ကာလီဝါဒနှင့် သတ်ဂ်လုပ်ငန်းမှာ အကယ်တိ ယနေ့တိုင်ကြီးပွားပါက ကုလားပြည် နိုင်ငံရေး

mgyoe.com

mgyoe.com


ကြိုးဆွဲမည်မှာကား မလွဲတည်း။

ကာလီနတ်–ရုပ်ထုမှာ ကြောက်မက်ဖွယ်ကောင်း၏။ ယဇ်နတ်ပူဇော်သောအခါ ကျွဲ–နွားသတ်၍ သွေးသံစက်စက်ဖြင့် ပူဇော်ပသ၏။ (မြန်မာပြည် တောင်ပေါ်ကချင်၊ ချင်းများ ယဇ်နတ်ပူဇော်မှုနှင့်တူ၏) ဖျက်ဆီးမှုကို အားပေးသော ကာလီနတ်၏မျက်နှာသည် ဘီလူးနှင့် တူ၏။ လျှာကြီးတစ်လစ် . . . မျက်လုံးပြူးပြူး၊ အစွယ်ငေါငေါ လက်လေးချောင်း တစ်ချောင်းက ခေါင်းကိုင်ထားဟန်၊ တစ်ချောင်းက ဓားပြားရှည်ကြီးကိုင်ထားဟန် . . . မျက်နှာမှာ နနွင်းများပက်ထား၏။ လျှာမှသွေးများစီးကျနေ၏။ ကာလီနတ်လည်ပင်း၌ ရှေးရည်လူးသောလူများ၊ စွန်ခေါင်းရိုးများကို ပန်းများသီသကဲ့သို့ သီကုံးဝတ်ဆင်ထား၏။ ဝဲဘက်ခြေက လူသေကောင်ဗိုက်ပေါ် နင်းထား၏။ ကာလီနတ်မှာ "နတ်ကြီး" သည် ဆိုကြ၏။ နတ်ရုပ်ကို ပူဇော်ကြလျှင် အန္တရာယ်ကင်းသည် ဆိုကြ၏။ ၁၉၃၀ ပြည့်နှစ်လောက်တွင် ကုလားပြည်၌ သောင်းကျန်းသော ဘင်္ဂလား(တယ်ရယ်ရစ်) သူပုန်များသည် ကာလီနတ်ကို ကိုးကွယ်သည် ဆို၏။ အသင်းဝင်ကို ထိုနတ်ရှေ့၌ သွေးသောက်ခိုင်း၏။ သစ္စာဆိုခိုင်း၏။ ကာလီနတ်ဝါဒသည် ဘင်္ဂလားသူပုန်ဝါဒ အရင်းခံသည်ဟု စွပ်စွဲကြ၏။

ကုလားပြည်၊ ဂင်္ဂါမြစ်ရိုး၊ မာဇာပိုမြို့၌ ကာလီနတ်ဘုရားကျောင်းများရှိ၏။ နှစ်စဉ် ကျွဲ၊ နွား၊ တိရစ္ဆာန်ကြီးများနှင့် ယဇ်ပူဇော်ပသ၏။ (တောင်ပြုံးပွဲကဲ့သို့ လူစည်ကား၏။ (ပုဂံရာဇဝင်လာ) မဟာဂီရိနတ်ကို ကျွဲ၊ နွား၊ တိရစ္ဆာန်နှင့် ယဇ်ပူဇော်ကြောင်း ရာဇဝင်လိုက်စားသူတိုင်း သိရှိပေကြမည်။)

၁၈၈၂ ခုနှစ်မှာ သတ်ဂ် သူသတ် ကာလီဂိုဏ်းဇာတ်သိမ်းသွား၏။ နောက်ဆုံးပိတ် သတ်ဂ်အမည်ခံသူသတ်ကို ကြိုးပေးလိုက်၏။ သို့ရာ

mgyoe.com

mgyoe.com


တွင် ကာလီနတ်ကိုးကွယ်မှု မပျောက်သေးချေ။ နှစ်စဉ် မြန်မာပြည်မှာ ပင် ကာလီနတ်ဘုရားပွဲ ကျင်းပ၏။ ရန်ကုန်မြို့ ရွှေတိဂုံအနောက်မုခ် ဘက်မှာ ကာလီနတ်ဘုရားကျောင်းရှိ၏။ နှစ်စဉ် ကျွဲ၊ နွားသတ် ပူဇော် ၏။ ဗုဒ္ဓဘာသာ မြန်မာများ မနှစ်သက်ကြောင်း ဆူပူကြသေးသည်ဟု ကြားသိရပါကြောင်း။ ။

mgyoe.com

mgyoe.com

## (၅) 'တောင်ပေါ်က လူအိုကြီး' ပါရှင်တောင်ပုန်း

အခါတစ်ပါး ပါရှင်ပြည်ကြီးကို ရွှေထီးမိုး၍စိုးစံသော ကာလစ်ဖ်ဘုရင်ကြီးသည် တိုင်းပြည် မငြိမ်မသက်ဖြစ်ခြင်းကြောင့် ညီလာခံဆင့်ခေါ်၏။ ညီလာခံ၌ တိုင်းပြည်မငြိမ်ခြင်းသည် တောင်ပေါ်ကလူအိုကြီးခေါင်းဆောင်သော (လီဘင်နင်) တောင်ရိုးရှိ ပါရှင်တောင်ပုန်း–သူသတ်စားပြများကြောင့်ဟု မှူးကြီးမတ်ရာ သေနာပတိများက သံတော်ဦးတင်လေ၏။ ဘုရင်ကြီးက တိုင်းပြည်ငြိမ်းချမ်းရေးဆောင်ရွက်ရန်အတွက် အမတ်လိမ္မာတစ်ဦးကို (လီဘင်နင်) 'တောင်ပေါ်ရှိလူအိုကြီး' ဆီ စေလွှတ်လေ၏။ အချိန်မှာ ၁၁၈၂ ခုနှစ်ပင်တည်း။

အမတ်လိမ္မာကြီးကလည်း ဘုရင့်ကိုယ်စား "တောင်ပေါ်ကလူအိုကြီး" ဆီ တပ်ချီသွား၏။ ဘုရင့်အမိန့်တော်အတိုင်း "တောင်ပေါ်ကလူအိုကြီး" နှင့် နောက်လိုက်တောင်ပုန်းများကို လက်နက်ချ အညံ့ခံဝင်အောင် ပြောပြမည်ဟု သဘောပိုက်၍ စစ်လျင် ကင်းထောက်လွှတ်ကာ "တောင်ပေါ်ကလူအိုကြီး" အား ဘုရင့်သစ္စာရည်သောက်ရန်အတွက် ပြင်ဆင်ရန်အမိန့်ပေးလေ၏။

ပါရှင်ဘုရင်၏ ကိုယ်စားလှယ် အမတ်လိမ္မာတပ်သည် "တောင်ပေါ်

mgyoe.com